တစ်ခဏာဖြစ်ရ

# လူ့ဘဝ အနှစ်

ပြည့်အောင် ကြိုးစားကြ

သန့်တည်ပွား

# ဘဒ္ဒန္တခေမိန္ဒသာမိ၏ အမှာစာ

## "မြတ်စွာဘုရားလက်ထက်မှ လူ့ခမ္မကထိက ဆရာကြီးများ"

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က တပည့်အခြံအရံငါးရာစီရှိကြသော တေဒဂ်တွဲ့ရ လူ့အရိယာ ဓမ္မကထိ၁၀ ဆရာကြီးများရှိကြောင်းကို ကျမ်းဂန်များအရ သိရသည်။ ထိုဓမ္မကထိက ဆရာကြီးများသည် မိမိတို့ကိုယ်တွေ့ သိမြင်ရရှိထားသော တရားတော်များကိုမိမိတို့ကဲ့သို့ပင် သတ္တဝါများ ရရှိသိမြင်ခံစားစေလိုသော ဆန္ဒများ ပြင်းပြသဖြင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

ထိုဆရာကြီးများတွင် ဓမ္မကထိက တေဒဂ်တွဲ့ထူးရ စိတ္တသူကြွယ်ဟု ကျော်ဇောထင်ရှားသော ဆရာကြီးသည် တစ်ဦးအပါအဝင်ဖြစ်သည်။ သူသည် အခြားဟောပြောမည့်သူ မရှိပါက ကိုယ်တိုင်ဟောပြောတတ်ပြီး ဟောပြောသူ ရှိပါမူကား လေးလေးစားစားနာယူတတ်သည်။ ယုံမှားဖွယ်ရာ ပြဿနာရပ်များကိုလည်း ယုံမှားကင်းစေရန် မေးမြန်းလေ့ရှိပြီး သူတစ်ပါးက မေးမြန်းလာသော ပြဿနာရပ်များကိုလည်း နားလည်သဘောပေါက်အောင် ရှင်းပြတတ်သည်။

(၁)

## စိတ္တသူကြွယ်နှင့် ဣသိဒတ္တမထေရ်

တစ်နေ့တွင်မူ သူ၏ဇာတိမြို့ဖြစ်သော မစ္ဆိကာသဏ္ဍမြို့တွင် သရက်တောကျောင်း၌ သီတင်းသုံးနေကြသော သံဃာတော်များကို ဆွမ်းစားပင့်ပြီးလျှင် "အရှင်မြတ်တို့ဘုရား ဤကမ္ဘာလောကကြီး၌ အယူဝါဒတွေအမျိုးမျိုး ကွဲပြားပြီး များပြားလှပါသည်။ ယခုလို အယူဝါဒတွေ အမျိုးမျိုးကွဲပြားနေတာဟာ ဘာကြောင့်ဖြစ်ပါသလဲ" ဟု စိတ္တသူကြွယ်က မေးမြန်းလျှောက်ထားသည်။

သက္ကာယဒိဋ္ဌိကြောင့် အယူဝါဒတွေ အမျိုးမျိုးကွဲပြားနေခြင်းဖြစ်ကြောင်း ဣသိဒတ္တမထေရ်က ဖြေသည်။ သက္ကာယဒိဋ္ဌိဟူသည် အဘယ်သို့သော တရားဖြစ်ကြောင်းကို ရှင်းပြရန် စိတ္တသူကြွယ်က ထပ်ဆင့်၍ တောင်းပန်သောကြောင့် ဣသိဒတ္တမထေရ်က အကျယ်ရှင်းပြတော်မူသည်။

## "ဓမ္မသာကစ္ဆာဝိုင်းမှ ပြဿနာတစ်ခု"

ထိုသရက်တောကျောင်း၌ပင် သံဃာတော်များ တရားဆွေးနွေးသော ဓမ္မသာကစ္ဆာဝိုင်းတစ်ဝိုင်းရှိသည်။ ထိုဓမ္မသာကစ္ဆာဝိုင်း၌ သံယောဇန = သံယောဇဉ်တရားနှင့် သံယောဇနိယဓမ္မ = သံယောဇဉ်၏ အာရုံဖြစ်သော တရားသည် အနက်အဓိပ္ပာယ်ရော သဒ္ဒါပါ ကွဲပြားခြားနားသလော? သို့မဟုတ် သဒ္ဒါသာကွဲပြားပြီး အနက်အဓိပ္ပာယ်အားဖြင့် အတူတူပင်ဖြစ်သလော? ဟူသော

အမေးပုစ္ဆာပြဿနာတစ်ရပ် ဖြစ်ပေါ်လာသည်။ အချို့မထေရ်များက အနက်အဓိပ္ပာယ်ရော သဒ္ဒါပါ ကွဲပြားခြားနားသည်ဟူ၍ လည်းကောင်း၊ အချို့သောမထေရ်များက သဒ္ဒါသာကွဲပြားသည်။ အနက်အဓိပ္ပာယ်အားဖြင့် ကွဲပြားခြင်းမရှိ အတူတူဖြစ်သည်ဟူ၍ လည်းကောင်း အသီးအသီး မိမိတို့၏ သဘောထားအမြင်များကို တင်ပြဆွေးနွေးကြသည်။ ထိုအကြောင်းကို စိတ္တသူကြွယ် ကြားသိရသောအခါ မစ္ဆိကာသဏ္ဍာဝိုင်းသို့သွား၍ သံဃာတော်များကို အောက်ဖော်ပြပါအတိုင်း ရှင်းလင်းလျှောက်ထားသည်။

## "ဆန္ဒရာဂသည် သံယောဇဉ်ဖြစ်သည်"

အရှင်ဘုရားတို့ သံယောဇန = သံယောဇဉ်တရားနှင့် သံယောဇနိယဓမ္မ = သံယောဇဉ်၏ အာရုံဖြစ်သောတရားတို့သည် အနက်အဓိပ္ပာယ်အားဖြင့်လည်းမတူ သဒ္ဒါအားဖြင့်လည်း ကွဲပြားခြားနားကြပါသည်။ ဥပမာတစ်ခုကို တပည့်တော် လျှောက်ထားပါရစေ။ နွားနက်တစ်ကောင်နှင့် နွားဖြူတစ်ကောင်တို့၏ လည်ပင်းကို ကြိုးတစ်ချောင်း၏ အရင်းအဖျား နှစ်ဘက်တို့ဖြင့် ဖွဲ့ချည်ထားသည်ဟုဆိုပါစို့။ ထိုသို့ဖွဲ့ချည်ရာ၌ နွားနက်ကလည်း နွားဖြူကို ဖွဲ့ချည်သည်ဟု မဆိုနိုင်၊ နွားဖြူကလည်း နွားနက်ကို ဖွဲ့ချည်သည်ဟု မဆိုနိုင်ပါ။ အမှန်အားဖြင့် နွားနှစ်ကောင်ကို ဖွဲ့ချည်ထားသည့် အရာဝတ္ထုမှာ ကြိုးတစ်ချောင်းသာလျှင်ဖြစ်သည်။ ဤဥပမာလိုပါပဲ မျက်စိကလည်း ရူပါရုံကို ဖွဲ့ချည်သည်မဟုတ်၊ ရူပါရုံကလည်း မျက်စိ

ကို ဖွဲ့ချည်သည်မဟုတ်ပါ။ အမှန်စင်စစ်မှာမျက်စိနှင့်အဆင်းအာရုံ တို့ ပေါင်းဆုံခြင်းကို အမှီပြု၍ ဖြစ်ပေါ်လာသော၊ လိုချင်နှစ်သက် တပ်မက်သော ဆန္ဒရာဂသည်သာလျှင် နှောင်ဖွဲ့တတ်သောသံယောဇဉ်ဖြစ်ပါသည်ဟု ရှင်းလင်းလျှောက်ထားသည်။ သံဃာတော်များ က နှစ်သက်တော်မူကြသဖြင့် "ဒကာကြီး သင်သည် နက်နဲသော မြတ်စွာဘုရားတရားတော်၌ ထွင်းဖောက်သိမြင်နိုင်သော ထက် မြက်သည့် ဉာဏ်မျက်စိ ရှိပါပေသည်" ဟု ချီးကျူးတော်မူကြသည်။

## "မျက်မှောက်ခေတ် သာသနာပြုပုဂ္ဂိုလ်များ"

ယခုမျက်မှောက်ခေတ်၌လည်း သာသနာပြုစိတ်ဓာတ် ထက်သန်သော ပုဂ္ဂိုလ်များသည် မိမိတို့ လေ့လာဆည်းပူး၍ ပွား များအားထုတ်ထားသော တရားများကို သူတစ်ပါးတို့ သိရှိကြစေ ရန် ဟောပြောပို့ချခြင်း၊ စာအုပ်စာတမ်းရေးသားထုတ်ဝေခြင်း၊ ပညာရှင်များထံ ဆွေးနွေးမေးမြန်းလျှောက်ထားခြင်းများ ပြုလုပ် နေကြသည်များကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ခြင်းဖြစ်ရသည်။ ထို့ကြောင့် မိမိတို့ စွမ်းနိုင်သည့်ဘက်မှလည်း စွမ်းနိုင်သလောက် အားပေးကူညီခဲ့ပါသည်။ ၂၀၀၂ ခုနှစ်၊ ဧပြီလဆန်းလောက်က မိဘဆရာသမားများ လက်ထက်မှစ၍ ဆွေရင်းမျိုးရင်းကဲ့သို့ ရင်း ရင်းနှီးနှီးရှိကြသော ဒကာကြီးနှင့် ဒကာမကြီးတို့ ကျောင်းသို့ရောက် လာကြသည်။ ၎င်းတို့နှင့်အတူ မိတ်ဆွေဖြစ်သူ ဦးမြင့်လွင်လည်း ပါလာသည်။ ဦးမြင့်လွင်မှာ အသက်အရွယ်အားဖြင့် မကြီးသေး

သော်လည်း ပါရမီဓာတ်ခံရှိသူတစ်ဦးဖြစ်၍ ဘာသာရေးစာပေများကို ဖတ်ရှုခြင်း၊ တရားနာခြင်း၊ တရားအားထုတ်ခြင်း စသည်များကို ပြုလုပ်ပြီး မိမိကဲ့သို့ အခြားသူများလည်း ဘာသာရေးနှင့်ပတ်သက်၍ အခြေခံအကြောင်းအချက်များကို သိရှိကြစေရန် သင်တန်းများ ပို့ချခြင်း၊ ဟောပြောခြင်းများကို ပြုလုပ်လျက် ဗုဒ္ဓသာသနာတော် မြတ်ကြီး ထွန်းလင်းပြန့်ပွားစေရန် ကြိုးစားအားထုတ်၍ သာသနာ ပြုနေသူဖြစ်ကြောင်း သိရသည်။ ဦးမြင့်လွင်က သင်တန်းသားများနှင့် ဓမ္မမိတ်ဆွေများအား ဓမ္မဒါနပြုရန် ဗုဒ္ဓသာသနာတော်၏ အခြေခံ သိသင့်သိထိုက်သော အကြောင်းအရာများကို သိမှတ်ကြစေရန် သင်တန်းသားတို့အား ဟောပြောပို့ချသည့် ပုံစံအတိုင်း (မှန်-တို-ရှင်း) ရေးသားပြုစုထားသော စာမူကိုဖတ်၍ ပြင်သင့်သည်များကို ပြင်ဆင်ပေးရန် လျှောက်ထားသည်။

ထို့ကြောင့် ဦးမြင့်လွင်၏စာမူကို လက်ခံထားလိုက်ပြီး အချိန်ယူဖတ်ရှုလျက် ပြင်သင့်သည်များကို ပြင်ဆင်၍ပေးလိုက်ပါသည်။ ဦးမြင့်လွင်က သူ၏စာမူကို **"တစ်ခဏဖြစ်ရ လူ့ဘဝ၊ အနှစ်ပြည့်အောင်ကြိုးစားကြ"** ဟု အမည်ပေးထားသည်။ "အလိမ္မာစာမှာရှိသည်" ဆိုသောစကားသည် မိမိ၏အကျိုးစီးပွား၊ သူတစ်ပါးတို့၏ အကျိုးစီးပွား၊ ပစ္စုပ္ပန်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားဟု ဆိုအပ်သော နှစ်ပါးသောအကျိုးစီးပွားကို ဆောင်ရွက်နိုင်သော အနှစ်သာရ ပြည့်ဝသည့် လူတော်လူကောင်းတစ်ယောက်ဖြစ်စေရန် ညွှန်ကြားဆုံးမသော အဆုံးအမ ဩဝါဒကောင်းများသည် ဗုဒ္ဓစာပေ၌ ရှိသည်ဟု ဆိုခြင်းပင်ဖြစ်သည်။ မြတ်စွာဘုရားတရားတော်များ

သည် ပစ္စုပ္ပန်အကျိုးစီးပွားအတွက်သာ ဟောကြားတော်မူသည် လည်းမဟုတ်ပါ။ ပစ္စုပ္ပန် တမလွန်နှစ်တန်သော အကျိုးစီးပွားတို့ကို ရရှိစေရန် ဟောကြားတော်မူခဲ့သော တရားတော်များသာ ဖြစ်ပါသည်။ မှန်၏။ ပသေနဒီကောသလမင်းကြီးသည် အကြောင်းတိုက်ဆိုင်သဖြင့်စကားစပ်မိတိုင်း မြတ်စွာဘုရားသခင်သည် ငါ့ကို ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုးနှစ်မျိုးတို့ဖြင့် ချီးမြှောက်စောင့်ရှောက်တော်မူပါပေသည်ဟု ထုတ်ဖော်ပြောဆိုလေ့ရှိသည်ဟု ဆိုပါသည်။

ထို့ကြောင့် ပစ္စုပ္ပန် တမလွန်နှစ်တန်သော အကျိုးစီးပွားကို အလိုရှိသူတိုင်း ဗုဒ္ဓ၏ အဆုံးအမတရားတော်များကို အခြေခံအဆင့်မှစ၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့်အောင် လေ့လာအားထုတ်သင်ယူကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ဘဒ္ဒန္တ ခေမိန္ဒသာမိ

(အဂ္ဂမဟာပဏ္ဍိတ ဓမ္မာစရိယ ပါဠိပါရဂူ)

သာသနာ့ နုဂ္ဂဟကျောင်း

ခြောက်ထပ်ကြီးဘုရားကြီးတိုက်

ရန်ကုန်မြို့

၂၀၀၂ ခုနှစ်၊ မေလ (၆) ရက်

## စာရေးသူ၏ရည်ရွယ်ချက်

ကျွန်ုပ်သည် ဆည်းပူးလေ့ကျင့်နေဆဲဖြစ်သောကြောင့် အားနည်းချက်များ ရှိနေလိမ့်မည်ဖြစ်သော်လည်း သာသနာတော်အတွက် အရေးကြီးဆုံး အခြေခံလိုအပ်ချက်ကို တစ်စုံတစ်ခုသော အတိုင်းအတာထိ အကျိုးရှိစေချင်သော စေတနာအရ မိမိဉာဏ်မှီသလောက် တိုက်တွန်းရခြင်းဖြစ်ပေသည်။

(၁) ဗုဒ္ဓသာသနာဝင်တိုင်း ထေရဝါဒ သာသနာတော်၏ **"အခြေခံအနှစ်သာရ"** များကို မှန်ကန်စွာ နားလည်သဘောပေါက်လာနိုင်ရေး၊

(၂) ဗုဒ္ဓအဆုံးအမ ပန်းတိုင်ဖြစ်သော မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ရေးအတွက် သာသနာဝင်တိုင်း **"ဝိပဿနာဘာဝနာ"** ကျင့်ကြံအားထုတ်လာနိုင်ရေး။

(၃) ထေရဝါဒ ဗုဒ္ဓသာသနာတော် အစဉ်ထာဝရ သန့်ရှင်း-တည်တံ့- ပြန့်ပွားရေးအတွက် **"သာသနာဝင်တိုင်း ပူးပေါင်း"** ပါဝင်နိုင်ရေးတို့အတွက် အထူးရည်ရွယ်ပါသည်။

(စာရေးသူ၏ အသုံးအနှုန်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အားနည်းမှုရှိပါက ပြုပြင်ပေးကြပါရန်လည်း ဖိတ်ခေါ် အပ်ပါသည်။)

**(သန့်တည်ပွား)**
**ဦးမြင့်လွင်** (**Noble Light Academy**)
**(ဖုန်း-၀၁ ၅၃၅၃၂၆ ၊ ၀၉၉၉၉၂၅၆၂၀)**
**၆၄၉ (က) မြကန်သာလမ်းသွယ်(၁)**
**ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။**
**၀၀၁ - ၉၅၁ - ၅၂၅၉၁၈**

(၉)

# ကျေးဇူးတင်လွှာ

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အနန္တကျေးဇူးရှင်များ၏ ကျေးဇူးတော်အနန္တကို ထာဝရဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့ပါ၏ဘုရား။

ရေးသားပြီးသော စာမူအား မှန်ကန်မှုရှိစေရန် အချိန်ယူဖတ်ရှုလျက် ပြင်ဆင်ပေးတော်မူသော ခြောက်ထပ်ကြီးဘုရားကြီးတိုက် သာသနာနုဂ္ဂဟကျောင်းဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိ (အဂ္ဂမဟာပဏ္ဍိတ ဓမ္မာစရိယ ပါဠိပါရဂူ) အား အထူးကျေးဇူးတင်ပူဇော်ကန်တော့လိုက်ပါ၏ဘုရား။

ကျွန်ုပ်၏ ဓမ္မဆွေးနွေးချက်များကို စာအုပ်အဖြစ် ရေးသားပေးပါရန် တိုက်တွန်းပေးကြသော တောင်ကြီးမြို့မှ ဦးစံလင်း၊ ဒေါ်နန်းခင်နှင်းငွေနှင့် ရန်ကုန်မြို့မှ ဦးဝင်းထိန်၊ ဒေါ်အေးအေးယုစသော ဓမ္မမိတ်ဆွေအပေါင်းတို့၏ ကျေးဇူးကြောင့် ဤစာအုပ်ပေါ်ပေါက်လာရခြင်း ဖြစ်ပေသည်။

အထူးသဖြင့် ကွန်ပျူတာစာစီပေးသော ရန်ကုန်မြို့မှ ဦးကျင်ဆိုင်၊ ဒေါ်အုန်းရွှေ မိသားစုအားလည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်များ အားလုံးတို့အား သာသနာတော်အတွက် ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

(သန့်တည်ပွား)

# မာတိကာ

(၁) ဗုဒ္ဓသာသနာအနှစ်ချုပ်

(The Essence of Buddha's Teachings)

(၂) ဗုဒ္ဓအဆုံးအမ အားလုံးတို့သည် ဗဟုသုတ ရရုံမဟုတ်ဘဲ လက်တွေ့လေ့ကျင့်ရန်နှင့် အကျိုးရှိအောင် အသုံးချရန်ဖြစ်သည်။

(Buddha's Teachings are not for Knowledge only but also for Self Practice & Implementation)

(၃) ဗုဒ္ဓသာသနာပြုကြရအောင်

(Buddhist Missionary)

မှန်–တို–ရှင်း

# (၁)ဗုဒ္ဓသာသနာအနှစ်ချုပ်
# (The Essence of Buddha's Teachings)

**စကားလုံးများရဲ့အဓိပ္ပာယ်**

**(က) ကိုးကွယ်မှု = အားကိုးလျှင် – ကာကွယ်ပေးခြင်း**

(အမှား) - ကြောက်ရွံ့မှု (ကမ္ဘာဦးအစ ကပ်ဘေးများကြုံ)၊ ဆုလာဒ်ရလိုမှု (သားဆုပန်၊ လာဘ်လာဘလိုခြင်)ကြောင့် မသိမမြင်၊ အကြောင်းအကျိုး မမှန်တာလုပ်သော မှားယွင်းသောအယူ

(အမှန်) - အကြောင်းအကျိုး မှန်ကန်မှုရှိသော ကိုးကွယ်မှုဆိုလျှင် ခွန်အားမျှ ဖြစ်သည်။

**(ခ) ဘာသာ = စကား၊ အပြော၊ အယူဝါဒ**

ကမ္ဘာပေါ်တွင် ဘာသာကြီးလေးမျိုးအနက်မှ -ဟိန္ဒူဘာသာသည် ပထမဦးဆုံးပေါ်လာသည့်ဘာသာဖြစ်ပြီး စပေါ်သည့် ခုနှစ်မသိရပါ။ ဗုဒ္ဓဘုရားအလောင်းသည် BC (ခရစ်တော်မပေါ်မီ) (623)မှာမွေးခဲ့သည်။ မိုဟာမစ်(အစ္စလာမ်)ထက် (1170)နှစ်စောပြီး မွေးခဲ့သည်။

**(ဂ) သာသနာ = အဆုံးအမ**

- ပရိယတ္တိသာသနာ = စာသင်၊ ဟောပြော၊ ဆွေးနွေး
- ပဋိပတ္တိသာသနာ = စာအသိ၊ အပြောအသိကို ခန္ဓာကိုယ်တွင်း ရှုမှတ်
- ပဋိဝေဓသာသနာ = ခန္ဓာတွင်း ရှုမှတ်ကျင့်လို့ မဂ်၊ဖိုလ်၊ နိဗ္ဗာန် အကျိုးရ

**(ယ) ကျေးဇူး = မိမိနှင့်အများအတွက် အကျိုးရှိစေသော ဆောင် ရွက်ချက်**

- အများဆိုင်ရာ ကျေးဇူးရှင် = ဘုရား၊ တရား၊ သံဃာ
- မိမိဆိုင်ရာ ကျေးဇူးရှင် = မိဘ၊ ဆရာ

**(ဃ) ပုံတော်နှင့်ဂုဏ်တော်**

ပုံတော် = (မျက်စိမြင်) (ပျက်စီးနေ) (-)
(တခဏ) (အကာ)

ဂုဏ်တော် = (ဉာဏ်မြင်) (တိုးတက်နေ) (+)
(ထာဝရ) (အနှစ်)

**(စ) ပါရမီ = မြင့်မြတ်သူတို့ဖြည့်စွမ်းရသောအလုပ်**

Noble deed, Noble task

(ယခုဖြည့်ချင် ယခုဖြည့်လို့ရ၊ မြင့်မြတ်စိတ်ထားပြီး ဖြည့်ရန် သာလို)

## ဗုဒ္ဓဝင်အကျဉ်း

### (က) ရသေ့ဖြစ်ခြင်း

သုမေဓာရသေ့ဘဝမရောက်မီ ဘုရားအလောင်းတော်၏ မိဘနှစ်ပါး လွန်စွာပစ္စည်းဥစ္စာချမ်းသာပေမဲ့ ၎င်းမိဘနှစ်ပါး သေဆုံးသည့်အခါ ပစ္စည်းဥစ္စာများ ဘာမျှယူမသွားနိုင်သောကြောင့် လူတွေမှာ သေဆုံးလို့ ဘာမျှပါမသွားနိုင်တာရှိလျှင် သေဆုံးပြီးပါအောင် ယူသွားနိုင်တာ ရှိကိုရှိရမယ်လို့တွေးမိပြီး ပစ္စည်းဥစ္စာ အားလုံး စွန့်လွှတ်လှူဒါန်းပြီး ရသေ့ဘဝပြောင်း တရားကျင့်ခဲ့သည်။

## (ခ) ဆန္ဒာဓိပတိ

ဘုရားအလောင်း သုမေဓာသည် ဒီပင်္ကရာဘုရားရှင်နှင့် တွေ့ပြီး နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ပေမဲ့ ဒီပင်္ကရာဘုရားရှင်ကဲ့သို့ သတ္တဝါများအား လမ်းညွှန်(ကယ်တင်) လိုသော ဆန္ဒာဓိပတိကြောင့်သာလျှင် ဘုရားဆုပန်လေသည်။
**(ကိုယ့်အတွက်မကြည့်၊ အများအကျိုးအတွက်သာဆောင်ရွက်လိုသော ဆန္ဒာဓိပတိသည် အမြင့်မြတ်ဆုံးသော ကျေးဇူးတော်ဖြစ်ပေသည်။)**

## (ဂ) ဗျာဒိတ်ယူခြင်း

ယခုမျက်မှောက်နေဆဲ ကမ္ဘာမတိုင်မီ အရှေ့လေးသင်္ချေကမ္ဘာ တစ်သိန်းအစ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်း၌ သုမေဓာရှင်ရသေ့ဘဝမှစပြီး ဘုရားဆုပန် ဗျာဒိတ်ယူခဲ့သည်။ **(တစ်ကမ္ဘာသည် မရေတွက်နိုင်အောင်ကြာလှပြီး သင်္ချေတစ်ခုသည် တစ်၏နောက်မှ သုညပေါင်း တစ်ရာ့လေးဆယ်ရှိသည်။)**

## (ဃ) ပါရမီ (ဆယ်ပါး – ပြားသုံးဆယ်)

| | | |
|---|---|---|
| ဒါ | ၁။ ဒါန | = ပေးလှူခြင်း |
| သီ | ၂။ သီလ | = ကိုယ်နှုတ်စောင့်ထိန်းခြင်း |
| တော | ၃။ နေက္ခမ္မ | = ကိလေသာတောမှထွက်ခြင်း |
| ပ | ၄။ ပညာ | = အကြောင်းအကျိုး ဆင်ခြင်ထိုးထွင်းသိခြင်း |
| အား | ၅။ ဝီရိယ | = အားစိုက်ကြိုးစား လုံ့လရှိခြင်း |
| ခံ | ၆။ ခန္တီ | = သည်းခံခြင်း |
| ဖြောင့် | ၇။ သစ္စာ | = ဖြောင့်မတ်/မှန်ကန်ခြင်း |
| ဋ္ဌာန် | ၈။ အဓိဋ္ဌာန် | = အဓိဋ္ဌာန်တည်ဆောက်ခြင်း၊ ပြတ်သားသောဆန္ဒ |

ပွား ၉။ မေတ္တာ = စင်ကြယ်သောချစ်ခြင်း

လျစ်လျူ ၁၀။ ဥပေက္ခာ = လျစ်လျူရှုခြင်း/အသင့်အားဖြင့် ရှုခြင်း

- **မူလပါရမီ (၁၀) ပါး**

  (ပိုင်ဆိုင်စည်းစိမ်အားလုံးနှင့် ဇနီး၊ သားသမီးပါမကျန်ဖြည့်ခြင်း)

- **ဥပပါရမီ (၁၀) ပါး**

  (စည်းစိမ်+ဇနီး၊ သားသမီးအပြင် မိမိခန္ဓာကိုယ်အစိတ်အပိုင်း ပါဝင်ဖြည့်ခြင်း)

- **ပရမတ္ထပါရမီ (၁၀) ပါး**

  (အသက်ကိုပါမကျန် ဖြည့်ခြင်း)

**(ဃ) ပါရမီဖြည့်ပုံ**

(၁) ကြာမြင့်လှစွာသောအချိန်

(၂) မရပ်မနား

(၃) ချန်မထားဘဲ

(၄) ရိုရိုသေသေ

(၅) ပျော်ပျော်ကြီးဖြည့်

**(စ) တိတိကျကျသေသေချာချာပွင့်တော်မူခြင်း**

(၁) ပါရမီဖြည့်တာ တိကျသေချာ

(၂) မွေးဖွား နှစ်၊ လ၊ ရက် (မဟာသက္ကရာဇ် - ၆၈၊ ကဆုန်လပြည့်၊ သောကြာနေ့)

(၃) မိဘနှစ်ပါး (သုဒ္ဓေါဒနမင်းကြီး နှင့် မယ်တော်မာယာဒေဝီ)

(၄) မွေးဖွားနေရာ (အိန္ဒိယ နှင့် နီပေါနယ်စပ်အနီး၊ နီပေါနိုင်ငံ ပိုင် လုမ္ဗနီဥယျာဉ်)

(၅) လူသားအစစ်ဖြစ်ခြင်း

(၆) မွေးမွေးခြင်းဘုရားမဖြစ်၊ ကျင့်ပြီးမှဖြစ် (ကျင့်စဉ်အားလုံး တိကျသေချာပြထားသည်။)

(၇) ဘုရားဖြစ်သောရက် တိကျသေချာ (မဟာသက္ကရာဇ် - ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့)

(၈) ဘုရားပွင့်သည့်နေရာ (ဗုဒ္ဓဂါယာ)

**ဗုဒ္ဓနှင့်ဆိုင်သောနေ့များ**

**ကဆုန်လပြည့် (၅) နေ့**

| | | |
|---|---|---|
| (၁) ဗျာဒိတ်ယူသည့်နေ့ | = | လေး သင်္ချေကမ္ဘာတစ်သိန်း အစ ကဆုန်လပြည့်နေ့ |
| (၂) ဘုရားမွေးသည့်နေ့ | = | မဟာသက္ကရာဇ် - ၆၈၊ ကဆုန်လပြည့် (သောကြာနေ့) |
| (၃) ဘုရားဖြစ်သည့်နေ့ | = | မဟာသက္ကရာဇ် - ၁၀၃၊ ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့) |
| (၄) ဗုဒ္ဓဝင်အကျဉ်းဟောသည့်နေ့ | = | မဟာသက္ကရာဇ် - ၁၀၄၊ ကဆုန်လပြည့် |
| (၅) ပရိနိဗ္ဗာန်စံသည့်နေ့ | = | မဟာသက္ကရာဇ် - ၁၄၈၊ ကဆုန်လပြည့် (အင်္ဂါနေ့) |

**(ကဆုန်လပြည့်၊ ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပရခြင်း အထိမ်းအမှတ်သည် ဘုရား၏ ပရိဘောဂစေတီကို နှပေါင်းပူဇော်ပြီး ညောင်ပင်အသက်ရှည် စိမ်းလန်းစိုပြေသကဲ့သို့ သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပွားများနိုင်ရန်)**

**ဝါဆိုလပြည့် (၅) နေ့**

(၁) ပဋိသန္ဓေတည်သည့်နေ့ = မဟာသက္ကရာဇ် - ၆၇၊ ဝါဆိုလပြည့် (ကြာသပတေးနေ့)

(၂) တောထွက်သည့်နေ့ = မဟာသက္ကရာဇ် - ၉၇၊ ဝါဆိုလပြည့် (တနင်္လာနေ့)

(၃) ဓမ္မစကြာတရားဦးဟောနေ့ = မဟာသက္ကရာဇ် - ၁၀၃၊ ဝါဆိုလပြည့် (စနေနေ့)

(၄) သောတာပန်လူသားစပေါ်သည့်နေ့ = မဟာသက္ကရာဇ် -၁၀၃၊ ဝါဆိုလပြည့် (စနေနေ့)

(၅) သံဃာရတနာစပေါ်သည့်နေ့ = မဟာသက္ကရာဇ်-၁၀၃၊ ဝါဆိုလပြည့် (စနေနေ့)

**(သာသနာဝင်များသည် ဝါဆိုလပြည့်နေ့၏ အဓိပ္ပာယ်ကို လေးလေးနက်နက် နားလည်သင့်ပေသည်။)**

**သီတင်းကျွတ်လပြည့်နေ့**

(၁) ဘုရားရှင်သည် မယ်တော်မိနတ်သားအား ဝါတွင်းသုံးလလုံး အဘိဓမ္မာတရား ဟောကြားခြင်း

(၂) မိဘအားကျေးဇူးဆပ်ပြီး လူပြည်ဆင်းစဉ် လူသားများဆီမီးဖြင့် ပူဇော်ကန်တော့ခြင်းကို အစွဲပြုပြီး မီးဖြင့်ကန်တော့ကြသည်။ ဗုဒ္ဓအလိုတော်ကျမှာ -

- အဘိဓမ္မာတရားတော် ပြန့်ပွားနားလည်အောင်လုပ်ရန်
- မိဘနှင့်ကျေးဇူးရှင်များကို ကျေးဇူးဆပ်ကန်တော့ရန်

**(လွန်ကဲသော မီးထွန်းကြခြင်း၊ ဥပမာ–အိမ်သာမကျန် နှင့် ဗျောက်အိုးနှင့် မီးရှူးမီးပန်းများဖောက်ကြခြင်းသည် မိမိတို့၏ ထုံးတမ်းအစဉ်အလာအရ လုပ်ကြခြင်းဖြစ်သည်။)**

**တပို့တွဲလပြည့်နေ့**

ရာဇဂြိုလ်ပြည်၊ဝေဠုဝန်ကျောင်းတိုက်၌ ရဟန္တာပေါင်း၁၂၅၀ တက်ရောက်သော 'ပဌမသံဃသန္နိပါတ' ပထမဆုံးသံဃာ့အစည်း အဝေးကျင်းပပြီး ဘုရားအဆူဆူ ဆုံးမစကား ဩဝါဒပါတိမောက် ချီးမြှင့်သောနေ့ဖြစ်ပြီး လက်ျာရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ နှင့် လက်ဝဲရံ အဂ္ဂသာဝက အရှင်မောဂ္ဂလာန်တို့အား ရာထူးအပ် နှင်းသောနေ့ဖြစ်သည်။

ဩဝါဒပါတိမောက်၏ အနှစ်ချုပ်မှာ -

(၁) လွန်စွာ ချုပ်တည်းခြင်းတည်းဟူသော သည်းခံခြင်းသည် အလွန် မြင့်မြတ်သော အကျင့်ပေတည်း။

(၂) မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။

(၃) ထူးမြတ်သောအကျင့်၌ လွန်စွာအားထုတ်ရာ၏။

**ဓမ္မစကြာတရားတော်**

ဘုရားအလောင်းတော်သည် (၂၉)နှစ်ထိ ကာမဂုဏ်အာရုံ တို့ဖြင့် ပျော်ပါးနေခဲ့သော 'ကာမသုခလ္လိကာနုယောဂလက်ယာစွန်း ရောက်နေစဉ် လောဘကိုသာ ဖြစ်စေပြီး၊ (၂၉) နှစ် မှ (၃၅)နှစ် အထိ (၆) နှစ်လုံးလုံး ခန္ဓာကိုယ်ကို အမျိုးမျိုးနှိပ်စက်ညှင်းဆဲပြီး ကျင့်သောဒုက္ကရစရိယာအကျင့် 'အတ္တကိလမထာနုယောဂ'လက်ဝဲ စွန်း ရောက်နေစဉ် ဒေါသကိုသာဖြစ်စေသဖြင့် တရားမရဖြစ်နေ သောကြောင့် ၎င်းအစွန်းနှစ်ပါးကိုရှောင်ပြီး 'မဇ္ဈိမပဋိပဒါ' (ခေါ်) မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်မှသာလျှင် **သစ္စာလေးပါး** ကို သိမြင်နိုင် သော တရားဖြစ်သည်ဟု ဟောကြားသော တရားဖြစ်သည်။

**သစ္စာတရား** (Universal Truth)

အစဉ်ထာဝရမှန်ကန်သောအမှန်တရား

(က) Person ပုဂ္ဂိုလ်မရွေး

(ခ) Place နေရာမရွေး

(ဂ) Time အချိန်မရွေး မှန်ကန်မှသာ သစ္စာတရားဖြစ်သည်။

**ဗုဒ္ဓသာသနာအနှစ်ချုပ်**

သစ္စာလေးပါးသည် အနှစ်ချုပ်ဖြစ်သည်။

(က) သိ = ဒုက္ခသစ္စာ

(ဖောက်ပြန်၊ နှိပ်စက်၊ လိုတာမရ၊ ရတာ မလိုလို့ ဆင်းရဲခြင်း)

(ခ) ပယ် = သမုဒယသစ္စာ

(ဒုက္ခဖြစ်ပေါ်စေသောအကြောင်းတရား-လောဘ)

(ဂ) ဆိုက် = နိရောဓသစ္စာ

(ဒုက္ခသမုဒယချုပ်ငြိမ်းခြင်း-နိဗ္ဗာန်)

(ဃ) ပွား = မဂ္ဂသစ္စာ

(နိရောဓသို့ ဆိုက်ရန်ပွားသော မဂ္ဂင်ရှစ်ပါးအကျင့်)

**မဂ္ဂင်ရှစ်ပါး (မဂ္ဂသစ္စာ)**

| | | |
|---|---|---|
| သီလ **(စည်းကမ်း)** (ကာယ+ဝစီ)ထိန်း | (၁) မှန်စွာပြော | (ပြော) |
| | (၂) မှန်စွာပြုမူ | ( ပြု ) |
| | (၃) မှန်စွာအသက်မွေး | (မွေး) |

| | | | |
|---|---|---|---|
| သမာဓိ **(နည်းလမ်း)** (မနော) ထိန်း | (၄) | မှန်စွာဝီရိယ | ( ဝီ ) |
| | (၅) | မှန်စွာသတိ | (တိ) |
| | (၆) | မှန်စွာသမာဓိ | ( ဓိ ) |
| ပညာ **(သဘောတရား)** (အရှိ/အမှန်) | (၇) | မှန်စွာသိမြင် | ( သိ) |
| | (၈) | မှန်စွာတွေးခေါ် | (တွေး) |

မဂ္ဂင်ရှစ်ပါးကို ချုံ့လျှင် သီလ - သမာဓိ - ပညာ သိက္ခာသုံးပါး ရပြီး ၎င်းသိက္ခာသုံးပါးကို အနှစ်ချုပ်လျှင် သတိတစ်လုံးသည်သာ ကျန်တော့သည်။ ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်းသည် တစ်ကြောင်းတည်းသောလမ်း မဟာသတိပဋ္ဌာန်တရားဖြစ်သည်။ (သတိတစ်လုံး အရှိသုံး အဆုံးနိဗ္ဗာန်တိုင်)

**ကုသိုလ်ကောင်းမှု (၄) မျိုး**

၁။ ဒါန (စွန့်လွှတ် - လှူဒါန်း)

၂။ သီလ (ကာယ+ဝစီ ထိန်းသောစည်းကမ်း)

၃။ သမထဘာဝနာ (ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်းကိုသာ ရှုခြင်း)

၄။ ဝိပဿနာ ဘာဝနာ (ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ကိုရှုခြင်း)

| | | | |
|---|---|---|---|
| - ဒါန | မူလတန်း | လူတော် | (ကံလမ်း) |
| - သီလ | အလယ်တန်း | လူကောင်း | |
| - သမထဘာဝနာ | အထက်တန်း | လူမှန် | |
| - ဝိပဿနာဘာဝနာ | တက္ကသိုလ် | လူမြတ် | (ဉာဏ်လမ်း) |

**မှတ်ချက်**

- ဒါန၊ သီလ၊ သမထဘာဝနာ စသည်သုံးမျိုးသည် ဘုရားမပွင့်မီ ကာလများစွာကပင် ရှိခဲ့ပေသည်။
- လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာများကို ရစေပြီး **ကံအကျိုးပေး** သာလျှင်ရရှိကာ သံသရာလည်ပြီး ဒုက္ခသစ္စာမှ မလွတ်မြောက်နိုင်ပေ။
- ဘုရားပွင့်လာရခြင်းသည် သတ္တဝါများအားလုံး ဒုက္ခဆင်းရဲ အပေါင်းမှလွတ်မြောက်စေနိုင်သော ဝိပဿနာဘာဝနာရှုမှတ်ပွားများနိုင်စေရန် လမ်းညွှန်ပေးရန်ဖြစ်ပြီး ဒုက္ခသစ္စာမှလွတ်မြောက်ပြီး နိရောဓသစ္စာ(နိဗ္ဗာန်)သို့ မျက်မှောက်ပြုနိုင်သော **ဉာဏ်အကျိုးပေး** ကို ညွှန်ပြပေးရန် ဖြစ်သည်။

**သာသနာ (၃) ရပ်**

ဗုဒ္ဓသာသနာ (အဆုံးအမ) သုံးရပ်ရှိသည်။

၁။ ပရိယတ္တိသာသနာ(ဟောပြောခြင်း၊ စာပေမှတ်တမ်းတင်ခြင်း၊ သင်ကြားခြင်း)

၂။ ပဋိပတ္တိသာသနာ (မိမိခန္ဓာကိုယ်တွင်းသို့ မိမိဉာဏ်ဖြင့် ရှုမှတ်ပွားများလေ့ကျင့်ခြင်း)

၃။ ပဋိဝေဓသာသနာ (ပဋိပတ္တိသာသနာ အကျင့်ကျင့်ပြီးမှသာလျှင် အရှိတရား၊ အမှန်တရား၊ သဘောတရားများ သိမြင်လာပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုအကျိုးရရှိခြင်း)

**မှတ်ချက်**

ဘုရားသာသနာ သုံးရပ်တွင် - သာသနာပြုရန် ပံ့ပိုးခြင်း၊ လုပ်ဆောင်ခြင်း၊ လေ့ကျင့်ခြင်း ပြုလုပ်နိုင်သည့် အကျင့်နည်းဖြစ်သော ပရိယတ္တိနှင့် ပဋိပတ္တိသာရှိပေသည်။
**(ပဋိဝေဓသာသနာသည် ကျင့်ပြီးမှသာလျှင် ရရှိသောအကျိုးဖြစ်ပေါ်လာခြင်း ဖြစ်ပေသည်။)**

**ဘုရားဂုဏ်တော် (၉) ပါး**

(၁) အရဟံ

| | | |
|---|---|---|
| (က) အရဟံ | = | လူ နတ် ဗြဟ္မာ တို့၏ ပူဇော်အထူးကို ခံထိုက်ခြင်း။ |
| (ခ) အရ ဟံ | = | ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပြီးဖြစ်ခြင်း။ |
| (ဂ) အ ရဟံ | = | ဆိတ်ကွယ်ရာ၌ပင် မကောင်းမှုမပြုခြင်း။ |
| (၂) သမ္မာသမ္ဗုဒ္ဓ | = | အလုံးစုံသောတရားတို့ကို ဆရာမရှိပါဘဲ ပါရမီစွမ်းအားဖြင့်သိခြင်း။ |
| (၃) ဝိဇ္ဇာစရဏသမ္ပန္န | = | အသိဉာဏ် (ဝိဇ္ဇာ)၊ အကျင့်တရား (စရဏ)တို့နှင့် ပြည့်စုံခြင်း။ |
| (၄) သုဂတ | = | ကောင်းမြတ်သောစကား (သီလ၊ သမာဓိ၊ ပညာ) ကိုသာပြောခြင်း (ကောင်းသောလာခြင်း/သွားခြင်း) |
| (၅) လောကဝိဒူ | = | လောကကြီးသုံးပါးကို သိခြင်း။ (သတ္တ၊ ဩကာသ၊ သင်္ခါရ) |

(၆) အနုတ္တရောပုရိသ ဒမ္မသာရထိ = ရိုင်းစိုင်းသော တိရစ္ဆာန်၊ လူ၊ နတ် တို့ကို ယဉ်ကျေးသိမ်မွေ့အောင် ဆုံးမခြင်း။

(၇) သတ္ထာဒေဝ မနုဿာနံ = လူ နတ် ဗြဟ္မာ သတ္တဝါအားလုံး တို့၏ ဆရာဖြစ်ခြင်း။

(၈) ဗုဒ္ဓ = အမှန် (သစ္စာ) တရားလေးပါးကို သိခြင်း၊ ဟောကြားပြသခြင်း။

(၉) ဘဂဝါ = ဘုန်းတော် (၆) ပါးနှင့်ပြည့်စုံခြင်း။

**တရားဂုဏ်တော် (၆) ပါး**

(၁) ဟော = ဘုရားကိုယ်တိုင်ဟောခြင်း။

(၂) ကိုယ် = ကျင့်ကြံသူအတွက် မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် ရှုမြင် နိုင်ခြင်း။

(၃) ဆိုင်း = ရှုပွားသူအတွက် မဂ်ပြီးလျှင် ဖိုလ်အချိန်မဆိုင်းဘဲ ဖြစ်ခြင်း။

---

(၄) ဖိတ် = တရားနှင့်ပတ်သက်ပြီး ရဲရဲဝံ့ဝံ့ ဖိတ်ခေါ်ရဲခြင်း။

(၅) ကပ် = မိမိသန္တာန်၌အစဉ်ကပ်၍ ဆောင်ထားသင့်ခြင်း။

(၆) လက် = မဂ်၊ဖိုလ်၊နိဗ္ဗာန် ဓမ္မရသကိုလက်တွေ့ခံစားနိုင်ခြင်း။

**သံဃာ့ဂုဏ်တော် (၉) ပါး**

(၁) ကောင်း = ကောင်းသောအကျင့်ရှိခြင်း။

(၂) ဖြောင့် = ဖြောင့်မတ်စွာကျင့်ကြံခြင်း။

(၃) နိဗ် = နိဗ္ဗာန်ရောက်ရေးကျင့်ခြင်း။

(၄) လော = လောကုတ္တရာတရားနဲ့ အညီကျင့်ခြင်း။

---

(၅) ဝေး = အဝေးကသယ်ဆောင်လာသည့် ပစ္စည်းကိုပင် ခံယူထိုက်ခြင်း။

(၆) ဧည့် = ဧည့်သည်အတွက် အထူးစီမံထားသည့်ပစ္စည်းကိုပင် အလှူခံထိုက်ခြင်း။

(၇) မြင့် = မြင့်မြတ်သောအလှူကို ခံထိုက်ခြင်း။

(၈) လက် = လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံထိုက်ခြင်း။

(၉) လယ် = သတ္တဝါအပေါင်းတို့၏ ဒါနမျိုးစေ့ စိုက်ပျိုးရာ လယ်မြေ ကောင်းဖြစ်ခြင်း။

**သရဏဂုံပျက်သူ**

(၁) သေဆုံးသူ

(၂) အခြားဘာသာသို့ ကူးပြောင်းသူ

(၃) ကိုးကွယ်မှုမှားယွင်းသူ

(ဥပမာ - ဘုရားအဆုံးအမတွင်မပါသော သစ်သီးအမျိုးမျိုးကိုလည်းကောင်း၊ မခိုင်မာသည့်ရုပ်ပုံ၊ ပန်းပုများကိုလည်းကောင်း၊ မမြင်မသိရသည်များကို သူများအပြော မျက်စိမှိတ်ပြီး ကိုးကွယ်သူ)

**သရဏဂုံတည်သူ (ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်သူ)**

- ဘုရား၊ တရား၊ သံဃာရတနာသုံးပါးတို့၏ ဂုဏ်တော် (ကျေးဇူး)ကို အစဉ်နှလုံးသွင်းကာ အားကိုးအပ်နှံပြီး ရတနာသုံးပါးတို့၏ အဆုံးအမကိုသာ လိုက်နာကျင့်သုံးနေသူသည်သာလျှင် သရဏဂုံတည်သူ ဖြစ်လေသည်။

# (၂) ဗုဒ္ဓအဆုံးအမ အားလုံးတို့သည် ဗဟုသုတရရုံမဟုတ်ဘဲ လက်တွေ့လေ့ကျင့်ရန်နှင့် အကျိုးရှိအောင် အသုံးချရန် ဖြစ်သည်။

# (Buddha's Teachings are not for Knowledge only but also for Self Practice & Implementation)

**အနှစ်သာရရှိလှခြင်း**

- ဗုဒ္ဓဘုရားရှင် အဆုံးအမ အားလုံးသည် ဗဟုသုတ ရရုံပါးစပ်ဖျားလေးမှ ပြောနေ ဟောနေရုံမျှ လမ်းဆုံးနေတာမျိုး တစ်ခွန်းမျှ မရှိခဲ့ပါဘူး။
- အဆုံးအမတိုင်းသည်ကိုယ်တိုင်လက်တွေ့ ကျင့်ရမယ်ပြီးမှ မိမိနှင့်အများအကျိုးအတွက် အကျိုးရှိအောင်လက်တွေ့အသုံးချပြီးမှသာလျှင် အဓိပ္ပာယ်ပြည့်စုံပြီး ပန်းတိုင် **(နိဗ္ဗာန်) သို့ မျက်မှောက်ပြုနိုင်ခြင်း** သည်သာ အနှစ်သာရဖြစ်ပါသည်။

**ချမ်းသာအစစ်**

- လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ သုံးမျိုးသော ချမ်းသာတို့တွင် လူနှင့်နတ်ချမ်းသာတို့သည် ဒုက္ခသစ္စာနယ် (ဖြစ်ပေါ်ခြင်း ချုပ်ပျောက်ခြင်းတို့က အစဉ်ထာဝရနှိပ်စက်သောနယ်)ထဲတွင်သာ ခံစားနေရပြီး သုံးဆယ့်တစ်ဘုံသံသရာလည်စေပြီး ချမ်းသာအတုဖြစ်သည်။
- နိဗ္ဗာန်ချမ်းသာ (မဖောက်မပြန် ပြုပြင်စီရင်မှုမရှိ ငြိမ်းအေးမှုအပြည့်ဒုက္ခအားလုံးချုပ်ဆုံးခြင်း **သံသရာမှလွတ်မြောက်ခြင်း**) သည်သာလျှင် မဟာသန္တိသုခ ချမ်းသာအစစ် ဖြစ်ပေသည်။

**ဘုရားကန်တော့ခြင်း**

- ဗုဒ္ဓဘာသာဝင်တိုင်း ဘုရားကန်တော့ကြစဉ် သြကာသမှစပြီး ရွတ်ဆိုကြသည်။ (သြကာသ ဆိုသည်မှာ ခွင့်ပြုပါဘုရားဟု ခွင့်တောင်းခြင်းသာဖြစ်သည်၊ လူယဉ်ကျေးတို့၏ အလေ့အထ တစ်ခုဖြစ်သည်)
- သြကာသရွတ်ပြီး ဘုရားရှိခိုးနေစဉ် ဘုရားရှင်၏ ပုံတော် (အကာ)ကိုကြည့်ပြီး ဘုရားရှင်၏ **ဂုဏ်တော် (အနှစ်)** ကို ရည်မှန်းပြီးကန်တော့မှသာလျှင် အဓိပ္ပာယ်ပြည့်စုံပေသည်။

**ဆုတောင်းခြင်း**

- သြကာသဖြင့် ဘုရားကန်တော့ပြီးနောက် ဤသို့ ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး စသည်ဖြင့် ဘေးအပေါင်းမှလွတ်ရန် ရှည်လျားလှစွာသော ဆုတောင်းများကို ထုံးတမ်းစဉ်လာအရ ပါးစပ် ဖျားလေးဖြင့်ဆုတောင်းကာ နောက်ဆုံး နိဗ္ဗာန်ချမ်းသာကိုပင်လျှင် ပါးစပ်ဖြင့်တောင်းရုံနှင့်ရသကဲ့သို့မှားယွင်းစွာဆုတောင်း နေကြလေသည်။ အမှန်မှာ ဆုတောင်းသကဲ့သို့ **လက်တွေ့ကျင့်ရန်သာ** အဓိကဖြစ်သည်။

**ကိုယ်တိုင်လေ့ကျင့်ခြင်း**

**(က) အပါယ်လေးပါး ဘေးမှလွတ်ရန်ကား**

အပါယ်လေးပါးဆိုသောအဓိပ္ပာယ်နှင့် အပါယ်ကျစေနိုင်သော အကြောင်းတရားနှင့် အပါယ်လွတ်ရန် ကိုယ်တိုင် လေ့ကျင့်ရမည့်တရားတို့ကို သိရှိလေ့ကျင့်ရန် လိုပေသည်။

(၁) တိရစ္ဆာန်ဘုံရောက်ခြင်းသည် မောဟ (အမှားသိတွေဝေ) ကြောင့်ဖြစ်ပြီး ၎င်းမောဟဆိုသောအကြောင်းကို သတ်မှသာလျှင် အကျိုးတိရစ္ဆာန်ဘုံမရောက်ခြင်း ဖြစ်ပေသည်။

(၂) ပြိတ္တာဘုံရောက်ခြင်းသည် လောဘ (လိုချင်တပ်မက်) ကြောင့်ဖြစ်ပြီး ၎င်းလောဘဆိုသောအကြောင်းကို သတ်မှသာလျှင် အကျိုးပြိတ္တာဘုံမရောက်ခြင်း ဖြစ်ပေသည်။

(၃) အသူရကာယ် (အရုံငရဲ) ဘုံရောက်ခြင်းသည် မာန (ထောင်လွှားမှု)ကြောင့်ဖြစ်ပြီး ၎င်းမာနဆိုသောအကြောင်းကို သတ်မှသာလျှင် အကျိုးအသူရကာယ်ဘုံ မရောက်ခြင်း ဖြစ်ပေသည်။

(၄) ငရဲဘုံရောက်ခြင်းသည် ဒေါသ (ကြမ်းတမ်းခက်ထန်) ကြောင့်ဖြစ်ပြီး ၎င်းဒေါသဆိုသော အကြောင်းကို သတ်မှသာလျှင် အကျိုးငရဲဘုံမရောက်ခြင်း ဖြစ်ပေသည်။

အပါယ်လေးပါးမှ လွတ်ချင်ပါ၏လို့ ဆုတောင်းနေရုံဖြင့် အပါယ်မှမလွတ် နိုင် အပါယ်ရောက်စေနိုင်သော **လောဘ ဒေါသ မောဟ မာန** တို့ကို ကိုယ်တိုင် လေ့ကျင့်ပယ်သတ်မှ သာလျှင် လွတ်နိုင်ပေမည်။

## (ခ) ကပ်သုံးပါးဘေးမှလွတ်ရန်ကား

ကပ်သုံးပါး၏ အမိပ္ပာယ်နှင့် ကပ်ဘေးကို ဖြစ်စေနိုင်သော အကြောင်းတရား (မီး) ကို သိရန်လိုအပ်ပြီး အကြောင်းကို ခေတ္တထိန်းနိုင်သော တရားနှင့် အကြောင်းတရား (မီး) ကို အငြိမ်းပြုတ်စေနိုင်သောတရားကို သိရှိလေ့ကျင့်ရန်လိုအပ်ပေသည်။

| | ကပ်သုံးပါး | ဖြစ်စေသော အကြောင်း (မီး) | ခေတ္တထိန်း |
|---|---|---|---|
| ၁။ | ဒုဗ္ဘိက္ခန္တရကပ် (ငတ်မွတ်ဘေး) | လောဘ | ဒါန |
| ၂။ | သတ္ထန္တရကပ် (သတ်ဖြတ်ဘေး) | ဒေါသ | သီလ (ကာယဝစီစောင့်ထိန်း) |
| ၃။ | ရောဂန္တရကပ် (ရောဂါဘေး) | မောဟ | ဘာဝနာ (အဖန်တလဲလဲရှု မှတ်ပွားများ) |

- ငတ်မွတ်ဘေး (ကပ်) ဖြစ်ရခြင်းသည် လောဘအကြောင်းကြောင့်ဖြစ်ပြီး ၎င်းလောဘမီးကို ခေတ္တခဏအားဖြင့် ဒါနပြုခြင်းဖြင့် ထိန်းထားနိုင်သည်။ သတ်ဖြတ်ဘေး (ကပ်)သည် ဒေါသကြောင့်ဖြစ်ပြီး ၎င်းဒေါသကို ခေတ္တခဏအားဖြင့် သီလဖြင့် ထိန်းထားနိုင်သည်။ ရောဂါဘေး (ကပ်)သည် မောဟကြောင့်ဖြစ်ပြီး ၎င်းမောဟကို ခေတ္တခဏအားဖြင့် ဘာဝနာဖြင့် ထိန်းထားနိုင်သည်။
- ကပ်သုံးပါးစပုံး အငုတ်ပြုတ်နိုင်ရန်ကား ဝိပဿနာ၊ ဘာဝနာ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ရှုမှတ်ပွားများနေရမည် ဖြစ်သည်။
- ကပ်သုံးပါးမှ လွတ်မြောက်ချင်ပါ၏လို့ ဆုတောင်းနေရုံမျှဖြင့် ကပ်သုံးပါးမှ လွတ်နိုင်၊ ကပ်သုံးပါးကို ဖြစ်စေသော **လောဘမီး ဒေါသမီး မောဟမီး** တို့ကို မိမိကိုယ်တိုင်လည်း လေ့ကျင့်ပြီး ပယ်သတ်၊ အားလုံးသော သတ္တဝါအပေါင်းတို့မှလည်း လေ့ကျင့်ပြီးပယ်သတ်နိုင်ကြမှသာလျှင် ကပ်ဘေးတို့မှ လွတ်မြောက်နိုင်မည်။

## ဒုစရိုက်/သုစရိုက်

ဒုစရိုက် (၁၀) ပါး (ဒု = မကောင်းသော၊ စရိုက် = အကျင့်)

### (က) ကာယကံ (၃) ပါး

(၁) သတ် (သတ္တဝါများ)
(၂) ခိုး (တစ်ပါးသူပိုင်ပစ္စည်း)
(၃) ဖောက်ပြန် (ကာမဂုဏ်)

### (ခ) ဝစီကံ (၄) ပါး

(၁) လိမ် (မဟုတ်မမှန်ပြောခြင်း)
(၂) ကုန်းတိုက် (ညီညွတ်မှုပြိုကွဲစေခြင်း)
(၃) ကြမ်းတမ်း (ဆဲရေးတိုင်းထွာခြင်း)
(၄) အချည်းနှီး (အကျိုးမရှိသောစကားပြောခြင်း)

### (ဂ) မနောကံ (၃) ပါး

(၁) အဘိဇ္ဈာ (သူတစ်ပါးပစ္စည်း မတရား ရစေလိုခြင်း)
(၂) ဗျာပါဒ (သူတစ်ပါးကိုသေကြေပျက်စီးစေလိုခြင်း)
(၃) မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)

### ဒုစရိုက် (၁၀) ပါး ပွား (၄၀)

(၁) ကိုယ်တိုင်ကျူးလွန် (၁၀) ပါး
(၂) သူတစ်ပါးအားစေခိုင်း (၁၀) ပါ
(၃) သွယ်ဝိုက်အားပေး (၁၀) ပ
(၄) ဝမ်းမြောက် (၁၀) ါး

သုစရိုက် (၁၀) ပါး (သု = ကောင်းသော၊ စရိုက် = အကျင့်)

(က) ကာယကံ (၃) ပါး
(ခ) ဝစီကံ (၄) ပါး
(ဂ) မနောကံ (၃) ပါး

} ဒုစရိုက်(၁၀)ပါးကိုရှောင်ကြဉ်ခြင်းသည် သုစရိုက်(၁၀)ပါး ဖြစ်သည်

သုစရိုက် (၁၀) ပါးလည်းပွားလျှင် (၄၀) ရသည်။

(၁) ကိုယ်တိုင်

(၂) စေခိုင်း

(၃) အားပေး

(၄) ဝမ်းမြောက်

**မှတ်ချက်**

ဂုဏ်းဒုစရိုက်/သုစရိုက်တို့သည်လည်း ပါးစပ်ဖျားဖြင့် ပြောနေဟောနေရုံမျှဖြင့် အဓိပ္ပာယ်မပြည့်စုံဘဲ ဒုစရိုက်ကို ကိုယ်တိုင်လုံးဝရှောင်ကြဉ်ကြပြီး သုစရိုက်ကို လက်တွေ့လေ့ကျင့်လုပ်ဆောင်ကြပြီး မိမိနှင့်အများအကျိုး ဆောင်ရွက်နိုင်မှသာလျှင် ဗုဒ္ဓအလိုတော်ကျဆောင်ရွက်ခြင်းဖြစ်သည်။

## ဗြဟ္မစိုရ် (၄) ပါး

**မေတ္တာ** = တစ်ပါးသူအား ကောင်းစေချင်သော စေတနာအပြုမြင်ဝါဒ(တန်းတူတွေ့လျှင် မေတ္တာမပွားနိုင်က ပြိုင်တတ်သည်)

**ကရုဏာ** = တစ်ပါးသူအား ဝဋ်ဒုက္ခဘေးဆင်းရဲတို့မှ လွတ်မြောက်စေလိုသောစေတနာ (ကိုယ့်အောက်နိမ့်လျှင် ကရုဏာမထားနိုင်က နိုင်တတ်သည်)

**မုဒိတာ** = သူတစ်ပါးကောင်းစားတာ ဝမ်းမြောက်ခြင်း (ကိုယ့်ထက်သာလျှင် မုဒိတာမပွားနိုင်က ငြူစူစောင်းမြောင်း တတ်သည်)

**ဥပေက္ခာ** = ချစ်လည်းမချစ်၊ မုန်းလည်းမမုန်းခြင်း (လျစ်လျူရှုခြင်း) (သတ္တဝါအားလုံးတို့သည် မိမိပြုသော ကံအတိုင်းကိုသာ မိမိရကြသည်)

**မှတ်ချက်**

ဗြဟ္မစိုရ်တရားလေးပါးသည် နတ်လူသတ္တဝါ အားလုံးတို့၏ ချစ်ဆေးဖြစ်ပြီး ပါးစပ်ဖျားမှပြောနေရုံမျှဖြင့် မပြည့်စုံနိုင်ပေ။ နေ့စဉ် မိမိတို့၏ ရုပ်ခန္ဓာကိုယ်ကြီးကို ပြုပြင်ပေးနေရသကဲ့သို့ မိမိတို့၏ စိတ်ထားကိုလည်း ဗြဟ္မစိုရ်တရားလေးပါးပြည့်စုံအောင် နှလုံးသွင်းပြီး ကိုယ်တိုင် လေ့ကျင့်ပြီး အသုံးချကြမှသာလျှင် ငြိမ်းချမ်းသာယာသော လောကကြီး ဖြစ်လာပေလိမ့်မည်။

## ပုညကြိယာ (၁၀) ပါး

ကောင်းမှု → ကုသိုလ် → ပုည → ပုန်း → ဘုန်း သို့ အဆင့်ဆင့်ကူးပြောင်း ခေါ်ဝေါ်လာကြရာ ယခုအခါ ဘုန်းကြီးသည်ဆိုလျှင် လူတိုင်းနှစ်သက်ကြပေရာ ကောင်းမှုများခြင်းသည်သာ ဘုန်းကြီးကြကြောင်း သိအပ်ပေသည်။

**(က) ဒါန**

(၁) ရိုးရိုးဒါန (လှူဒါန်းခြင်း)
(၂) ပတ္တိဒါန (အမျှပေးခြင်း)
(၃) ပတ္တာနုမောဒန (သာဓုခေါ်ခြင်း)

**(ခ) သီလ**

(၁) ရိုးရိုးသီလ (ကာယနှင့်ဝစီစောင့်ထိန်းခြင်း)
(၂) အပစာယန (ရိုသေခြင်း)
(၃) ဝေယျာဝစ္စ (လုပ်အားပေးခြင်း)

## (ဂ) ဘာဝနာ

(၁) ရိုးရိုးဘာဝနာ

(မေတ္တာဘာဝနာပွားခြင်း ဘုရားဂုဏ်တော် စသည် အာရုံပွားနေခြင်း)

(၂) ဓမ္မသာဝန (တရားနာယူခြင်း)

(၃) ဓမ္မဒေသနာ (တရားဟောပြောပြသခြင်း)

(၄) ဒိဋ္ဌိဇုကမ္မ (အယူမှန်ခြင်း)

အထက်ပါ **ကောင်းမှု ၁၀ ပါး = ပုလဲရတနာ - ၁၀ ပါး** သည်

- အလွယ်တကူပြုလုပ်နိုင်
- အချိန်တိုင်းမှာလုပ်နိုင်
- ပုဂ္ဂိုလ်အားလုံးနှင့်တင့်တယ်

(ရဟန်း၊ သီလရှင်၊ ယောကျ်ား၊ မိန်းမ၊ ကလေး မရွေး)

- သုံးလို့မကုန်
- သူခိုးမခိုး /ဓားပြ မတိုက်နိုင်

### မှတ်ချက်

ပုညကြိယာ (၁၀) ပါး သည်လည်း ဟောပြောနေရုံမျှဖြင့် လမ်းမဆုံးဘဲ မိမိကိုယ်တိုင်လည်းလေ့ကျင့် သူတစ်ပါးအားလုံး ကိုလည်း လေ့ကျင့်ကြစေရန် စည်းရုံးတိုက်တွန်းပြီး သတ္တဝါအားလုံး လေ့ကျင့်အသုံးချကြမှသာလျှင် ဗုဒ္ဓအလိုတော်ကျ အကျိုးရှိပေမည်။

### ကေသမုတ္တိသုတ် (သို့) ကာလာမသုတ်

ဘုရားရှင်သည် နယ်စပ်ရွာကြီးတစ်ရွာဖြစ်သော ကေသမုတ္တိ ရွာကြီးသို့ ရောက်ရှိခဲ့စဉ် ၎င်းရွာကြီးတွင် ဘုရားရှင်အရှေ့ဦးစွာ တတ္ထိပုဂ္ဂိုလ် (၆) ဦးမှ ငါဟောတာယုံ သူများပြောတာမယုံနဲ့ဆိုပြီး မှားယွင်းသောအယူဝါဒများစွာကို ဟောကြားခဲ့ပြီးဖြစ်လို့ ရွာသား

များအားလုံး အယူဝါဒနဲ့ပတ်သက်ပြီး တွေဝေနေကြသောအချိန်တွင် ဘုရားရှင်မှ **ကေသမုတ္တိသုတ်** ကို ဟောတော်မူခဲ့သည်။

ဎင်းသုတ္တန်သည် ယနေ့ကမ္ဘာပေါ်တွင်ရှိသမျှသော အတွေးအခေါ် ပညာရှင်ကြီးများအားလုံးမှ အထူးလေးစားဆုံးနှင့် ချီးမွမ်းရဆုံးသောသုတ္တန်တစ်ခု ဖြစ်ခဲ့ပြီး

(၁) The Bravest Announcement

အရဲရင့်ဆုံးသော ကြွေးကြော်သံ

(၂) The Freedom of Though

အတွေးအခေါ် ပိုင်းဆိုင်ရာ လွတ်လွတ်လပ်လပ် တွေးနိုင်ခြင်းဖြစ်ကြောင်း မှတ်တမ်းတင်ဂုဏ်ယူနေသော သုတ္တန်ဖြစ်ပေသည်။

ဎင်းသုတ္တန်တွင်အချက် (၁၀) ချက်ကို ပြခဲ့ပြီး ဎင်း (၁၀) ချက်ကို အလွယ်တကူလက်ခံယုံကြည်ခြင်းမပြုဘဲ ခေတ္တထားပြီး သေချာစိစစ်ပြီးမှ ယုံရန်ဖြစ်သည်။

(၁) ဆင့် - တစ်ဆင့်စကားပြောလာသောစကားကို မယုံနဲ့အုံး
(၂) ကော - ကောလာဟလစကားကိုလည်း မယုံနဲ့အုံး
(၃) စာ - စာအုပ်ထဲကပြောတိုင်းလည်း မယုံနဲ့အုံး
(၄) စဉ် - အစဉ်အလာ ဘိုးဘွားစဉ်ဆက် စကားကိုလည်း မယုံနဲ့အုံး
(၅) ကူး - ဟိုနည်းဒီနည်း နည်းကူးချပြီးလည်း မယုံနဲ့အုံး
(၆) တွေး - အတွေးကောင်းတိုင်းမှန်တယ်ဆိုပြီးလည်း မယုံနဲ့အုံး
(၇) ဆင် - ယုတ္တိများနဲ့ဆင်ခြေပေးတိုင်းလည်း မယုံနဲ့အုံး
(၈) ငါ့ - ငါ့အယူဝါဒသာမှန်တယ်ဆိုပြီးလည်း မယုံနဲ့အုံး
(၉) လေး - လေးစားကြည်ညိုထိုက်သောသူ ပြောတိုင်းလည်း မယုံနဲ့အုံး
(၁၀) ရာ - ငါ့ဆရာပြောတိုင်းလည်း အားလုံးမှန်ပြီလို့မယုံနဲ့အုံး

မည်သည့်အယူဝါဒဖြစ်စေ **ကိုယ်တိုင်သာလျှင်သိအောင်လုပ်ကြ** ကိုယ်တိုင် လက်တွေ့လုပ်ကြည့်လျှင် မှား/မှန်၊ ဆိုး/ကောင်း ကို ကိုယ်တိုင်သိမြင်ပြီးမှ လက်ခံယုံကြည်ကျင့်သုံးကြရန်ဖြစ်ပေသည်။

**ဆောင်ရန် နှင့် ရှောင်ရန်**

(က) မိမိအကျိုးရှိ အများအကျိုးရှိဆိုလျှင် လုပ်ပါ။

(ခ) ပညာရှိသူတော်ကောင်းများက ချီးကျူးလျှင် လုပ်ပါ။

**(က) ဆောင်ပါ**

(၁) မိမိအကျိုးရှိ/အများအကျိုးရှိ (အကောင်းဆုံး)

(၂) အများအကျိုးရှိ/မိမိဘာမှမရှိ(ဒုတိယအကောင်းဆုံး)

(၃) မိမိအကျိုးရှိ/အများဘာမှမရှိ (တတိယအကောင်းဆုံး)

**ရှောင်ပါ**

(၁) မိမိထိခိုက်/အများလည်းထိခိုက် (အဆိုးဆုံး)

(၂) အများထိခိုက်/မိမိဘာမှမဖြစ် (ဒုတိယအဆိုးဆုံး)

(၃) မိမိထိခိုက်/အများဘာမှမဖြစ် (တတိယအဆိုးဆုံး)

**(ခ)** ပညာရှိသူတော်ကောင်းများက ချီးကျူးလျှင် လုပ်ပါ။ ကဲ့ရဲ့လျှင် ရှောင်ပါ။ သူယုတ်မာများ၏ ကဲ့ရဲ့မှုကို ဂရုစိုက်ရန် မလိုပါ။

**ကြိုတင်ပြင်ဆင်ထားရန်**

(က) ဆရာကောင်း အမြန်ဆုံးရှာပြီး မှန်တိုရှင်းသော နည်းလမ်း ရအောင်ချဉ်းကပ်ပါ။ (သပ္ပုရိသူပနိဿ)

(ခ) မိမိကိုယ်တိုင် နှလုံးသွင်းမှန်အောင်လေ့ကျင့်ပါ။(ယောနိသော မနသိကာရ)

**မှတ်သားသင့်သည့်ဥပမာ**

(၁) ဘုရားရှင်၏အနီးတွင် တစ်နေကုန်မျက်တောင်ကို မခတ်ဘဲ ဘုရားရှင်အား ရှိခိုးပူဇော်နေခဲ့သော ဝက္ကလိဆိုသူရဟန်း တစ်ပါး ရှိခဲ့သည်။

ငင်းရဟန်းအား ဘုရားရှင်မှ ငါ၏အသုဘခန္ဓာကြီးအား ရှိခိုးနေ၍အကျိုးမရှိ ငါခိုင်းသောတရားများကို လေ့ကျင့်ရှုမှတ်ပါဟု စေခိုင်းခဲ့သည်။ သို့သော် ငင်းရဟန်းမှ **မကျင့်သည့်အတွက်** နောက်တစ်ကြိမ်တွင် ဘုရားရှင်က သူ၏ကျောင်းတိုက်မှ နှင်ထုတ်ခဲ့လေသည်။


**(ဘုရားရှင်၏အလိုတော်ကျ ရှိခိုးနေရုံမျှကို မနှစ်သက် တရားတော်များအား လေ့ကျင့်ရှုမှတ်ရန်ကိုသာ စေခိုင်းခဲ့ခြင်း ဖြစ်သည်။)**

(၂) ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပေါဋ္ဌိလဆိုသော မထေရ်ကြီးတစ်ပါးရှိခဲ့သည်။ ငင်းမထေရ်ကြီးသည် လွန်ခဲ့သောဘုရား (၇)ဆူတို့လက်ထက်တုန်းကလည်း ပိဋကတ်သုံးပုံဆောင်ပြီး ယခုဘုရားရှင်ခေတ်မှာလည်း ပိဋကတ်သုံးပုံဆောင်ပြီး တပည့် ရဟန်း(၅၀၀)စီရှိသောဂိုဏ်းကြီး (၁၈)ဂိုဏ်းတို့အား စာပေပို့ချသင်ကြားပေးနေသော်လည်း ကိုယ်တိုင်မကျင့်ခဲ့ပေ။

သို့သော်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို မမြင် မသိသောကြောင့် ဂေါတမမြတ်စွာဘုရားက **တုစ္ဆပေါဋ္ဌိလ** ဟူ၍ ကဲ့ရဲ့တော်မူခဲ့သည်။ ထိုအခါ ပေါဋ္ဌိလကြီးသည် အလွန်ရှက်သဖြင့် တောကျောင်း တစ်ခု၌ (၇)နှစ်အရွယ် ရဟန္တာသာမဏေငယ်ထံမှာ ကမ္မဋ္ဌာန်းတရားကို သင်ယူအားထုတ်သည့်အခါမှသာလျှင် မိမိတွင် စာမာန်(မာန)ခံနေပြီးကိုယ်တိုင်မကျင့်၍ ရဟန္တာမဖြစ်ကြောင်း အားနည်းချက်ကို သိမြင်ပြီး ကျင့်လိုက်သည့်အခါမှသာလျှင် ရဟန္တာကြီးဖြစ်သွားခဲ့ပါသည်။

(ဘုရားရှင်၏အလိုတော်ကျသည် စာတတ်ခနရုံမျှ လမ်းမဆုံး ကိုယ်တိုင် ခန္ဓာမှာ တရားကျင့်ပြီးသိမြင်ရန်ကိုသာ နှစ်သက်တော်မူပေသည်။)

## ကံအကျိုးပေးနှင့်ဉာဏ်အကျိုးပေး ခြားနားပုံ




- ကံအကျိုးပေး (၃) မျိုးဖြစ်သော ဒါန၊ သီလ၊ သမထဘာဝနာ တို့သည် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ကို အကျိုး ပေးရှိသလောက် အကျိုးပေးနိုင်ကြပြီး အကျိုးပေးပြီးလျှင် ကုန်ကုန် သွားကြ၍ သုံးလေ ကုန်လေ အောက်သို့ ပြန်ဆင်းကြပေသည်။
- ဉာဏ်အကျိုးပေး ဝိပဿနာဘာဝနာသည် အကျိုးပေးရှိ သလောက် သုံးလေ တိုးလေ အပေါ်သို့တက်၍ အဆုံးတွင် မြတ်နိဗ္ဗာန်သို့ မျက်မှောက်ပြုပေသည်။

# (၃) ဗုဒ္ဓသာသနာပြုကြရအောင်
# (Buddhist Missionary)

## ဘုရားအလောင်းတော်၏ကျေးဇူးတော်

- သုမေဓာရသေ့ဘဝမှာ မိမိအတွက်ဆို နိဗ္ဗာန်သို့မျက်မှောက် ပြုနိုင်သော်လည်း သတ္တဝါအားလုံး၏ အကျိုးအတွက် ကြည့်ရှု ခဲ့သော ကျေးဇူးတော်
- ဘုရားအလောင်းတော်ဘဝတွင် ပါရမီ (၃၀) ကို ဘဝပေါင်း အနန္တ အသက်သွေးပေါင်းအနန္တတို့ဖြင့် ဖြည့်စွမ်းပေးခဲ့သော ကျေးဇူးတော်
- နောက်ဆုံးလူ့ဘဝတွင် လောကီချမ်းသာတို့၏ ထိပ်ခေါင် မင်း စည်းစိမ် ချမ်းသာအားလုံးကို စွန့်လွှတ်ပြီး သတ္တဝါအားလုံး အကျိုးအတွက် ရည်ရွယ်ပြီးဆောင်ရွက်ခဲ့သော ကျေးဇူးတော် တို့သည် တုနှိုင်း၍ မရအောင် ကျေးဇူးကြီးမားလှပေသည်။

## ဘုရားရှင်၏ကျေးဇူးတော်

- ဘုရားဖြစ်ပြီးသည့်နောက် သတ္တဝါအားလုံးတို့အား ဒုက္ခ သံသရာမှ လွတ်မြောက်ပြီး ချမ်းသာအစစ်နိဗ္ဗာန်သို့မျက် မှောက်ပြုနိုင်ရေးအတွက် တရားဟောလမ်းညွှန်ပြသပေးခြင်း
- (၄၅) ဝါ (နှစ်) ပတ်လုံး တစ်နေ့တွင် တစ်နာရီမျှခန့်သာ ကျိန်း (အိပ်) တော်မူ၏။ အချိန်ရှိသလောက်သတ္တဝါ အားလုံး တို့အားတရားတော်များဟောပြော ပြသ ချီးမြှင့်တော်မူခဲ့ခြင်း

- သာသနာတော်ကို ထူထောင်ခဲ့သည့်အပြင် အနာဂတ်ကာလ သာသနာတော်ပြန့်ပွားရေးအတွက် များလှစွာသော ဓမ္မဒူတ ခရီးစဉ်များ စေလွှတ်ပြီးသာသနာပြုပေးခဲ့သောကျေးဇူးတော် များသည်သတ္တဝါအားလုံးအတွက် လောကီ လောကုတ်နှစ်ဖြာ သောအကျိုးကိုပေါ်ပေါက်စေခဲ့သည်မှာဆပ်၍မကုန်နိုင်သော ကျေးဇူးတော်များ ဖြစ်ပေသည်။

## အမြင့်မြတ်ဆုံးသောကျေးဇူး (ဂုဏ်တော်)

- အနန္တစကြာဝဠာ သတ္တဝါအားလုံးတို့အား အမှန်ကိုသိမြင် စေရန်နှင့် ဉာဏ်အလင်းကို ထင်ရှားစွာ ရရှိကြရန်ပြသလမ်း ညွှန်ပေးပြီး အကြီးမားဆုံးသော မေတ္တာနှင့်ကရုဏာထား တော်မူခဲ့သော ဘုရားရှင်၏ ကျေးဇူးတော်သည် အမြင့်မြတ် ဆုံး သောကျေးဇူးတော်ဖြစ်ပေသည်။
- မှန်စွာသိမြင် နားလည်သဘောပေါက်လာကြသော ပုဂ္ဂိုလ်မှန် သမျှတို့သည် ဘုရားရှင်၏ အဆုံးအမများအား မပျက်စီး/ မပျောက်ပျက်စေရန် ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းကြရန် အထူးလုပ်ဆောင်လေတော့မည်။

## သင်္ဂါယနာတင်ကြခြင်း

- ဘုရားရှင်ပရိနိဗ္ဗာန်ပြုပြီးနောက် ဘုရားရှင်၏တရားတော်များ မပျက်စီး မပျောက်ပျက်ရလေအောင် ဘုရားရှင်၏ တရားဓမ္မ များအားကျွမ်းကျင် တတ်ကျွမ်းသော သံဃာတော်များစုပေါင်း ပြီး ဗုဒ္ဓ၏ဓမ္မအား သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန်အတွက် စစ်မှန်သောဓမ္မကိုသာ သံဃာများ၏ သဘောတူညီမှုရယူကာ ရွတ်ဖတ်မှတ်တမ်းတင် အတည်ပြုကြခြင်းကို **သင်္ဂါယနာတင် ခြင်း** ဟုခေါ်သည်။ မင်းထုနှင့်ပြည်သူထုမှ ပံ့ပိုးကူညီကြသည်။

## သာသနာ့အမွေဆက်ခံခဲ့ခြင်း

- ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘုရားရှင်၏ တပည့်ရဟန်းတို့သည် ခေတ်အသီးသီးမှ အာဏာရှိသောမင်းထုနှင့် ဗုဒ္ဓသာသနာဝင်ပြည်သူလူထု ပူးပေါင်းပြီး သံဃာထု၊ မင်းထု၊ ပြည်သူလူထု၊ ထု (၃) ထု ပူးပေါင်းကာ သင်္ဂါယနာ (၆) ကြိမ်တိုင်တိုင် စုပေါင်းတင်ခဲ့ကြပြီး ဗုဒ္ဓသာသနာ့အမွေ မပျက်စီး မပျောက်ပျက်ရလေအောင် စောင့်ရှောက် ထိန်းသိမ်းခဲ့ကြလေသည်။

## ပထမအကြိမ်သင်္ဂါယနာတင်ခြင်း

### (၁) အကြောင်းခံ

သုဘဒ္ဒဟုခေါ်သော ရဟန်းသည် ဘုရားရှိစဉ် ကတည်းက ဝိနည်း (စည်းကမ်း)အား အကြိမ်ကြိမ်ဖောက်ပြန်ခဲ့သဖြင့် ဘုရားရှင်၏ အကြိမ်ကြိမ်သတိပေးမှုကိုခံခဲ့ရသဖြင့် ဘုရားရှင်အား အညှိုးထားခဲ့ရာမှ ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည်နှင့် လွတ်လပ်ပြီဆိုပြီး ကြွေးကြော်ကာ သာသနာအား ညှိုးနွမ်းအောင် ပြုလုပ်ခဲ့သည်ကို အကြောင်းပြုပြီး တင်ခဲ့သည်။

### (၂) သာသနာနှစ်

ဘုရားပရိနိဗ္ဗာန်ပြုပြီး (၃) လ နှင့် (၄) ရက်

### (၃) နေရာ

ရာဇဂြိုလ်ပြည် ဝေဘာရတောင် သတ္တပဏ္ဏိလိုဏ်ဂူ

### (၄) ခေါင်းဆောင်

အရှင်မဟာကဿပမထေရ် ဦးဆောင်သော အရှင်ဥပါလိ (ဝိနည်း) နှင့် ညီတော်အာနန္ဒာ (သုတ္တန် နှင့် အဘိဓမ္မာ)

**(၅) သံဃာဦးရေ**

ရဟန္တာပေါင်း (၅၀၀)

**(၆) မင်း**

အဇာတသတ်မင်း

**(၇) ကြာမြင့်ချိန်**

(၇) လ

- သုဘဒ္ဒရဟန်းအားအကြောင်းပြုပြီး အရှင်မဟာကဿပ မထေရ်မှ ဦးဆောင်ပြီး အရှင်ဉပါလိမှ ဝိနည်းတော်ကိုရင်း ညီတော် အာနန္ဒာမှ သုတ္တန်နှင့်အဘိဓမ္မာကိုရင်း သံဃာ အစည်းအဝေးသို့ တင်သွင်းခဲ့သည်။
- ဘုရားရှင်ဟောကြားခဲ့သော ဓမ္မသည်လွန်စွာများပြားလှသဖြင့် တရား အစုအဖွဲ့ အသေးများ စုဖွဲ့ခြင်းကို **ဓမ္မက္ခန္ဓာ** ဖွဲ့ခြင်းဖြင့် ဓမ္မက္ခန္ဓာပေါင်း စုစုပေါင်း (၈၄၀၀၀) ရရှိခဲ့သည်။ ၎င်းကို ထပ်မံပြီး သဘောတရားတူရာအလိုက် အုပ်စုဖွဲ့လိုက်ရာ အုပ်စု (၃) စု ရရှိပြီး ပိဋကတ်(၃)ပုံဟု ခေါ်တွင်သည်။
- ၎င်းပိဋကတ် (၃) ပုံမှာ ဝိနည်းပိဋကတ်တွင် ဓမ္မက္ခန္ဓာ (၂၁၀၀၀)၊ သုတ္တန် ပိဋကတ်တွင် ဓမ္မက္ခန္ဓာ (၂၁၀၀၀)၊ အဘိဓမ္မာပိဋကတ်တွင် ဓမ္မက္ခန္ဓာ (၄၂၀၀၀) ထည့်သွင်းကာ သဘောတူခဲ့ကြသည်။
- အစည်းအဝေး တက်ရောက်ကြသော ရဟန္တာများသည် ဘုရားရှင်အား မီခဲ့ကြပြီး အနီးကပ်ဆုံးတရားတော်များ နာကြားသင်ယူခဲ့ရသည့် **ပဋိသမ္ဘိဒါပတ္တာ** တန်ခိုးကြီးမားပြီး စင်ကြယ်လှသောရဟန္တာကြီးများဖြစ်ကြသည်။

- ပထမအကြိမ်သင်္ဂါယနာတင်ခြင်းကို နှုတ်(ပါးစပ်) ပေါ်မှာသာ တင်ခဲ့ကြပြီး သံဃာအစည်းအဝေးတွင် ပိဋကတ်(၃)ပုံ စတင် သတ်မှတ် စီစဉ်ခဲ့ကြစဉ် ဘုရားရှင် ဟောကြားခဲ့သော တရားတော်များ အကုန်လုံးပြည့်စုံမှု ဖြစ် မဖြစ် (လိုနေလို့ ထပ်ဖြည့်ရန်ငင်း၊ ပိုနေလို့ နုတ်ပယ်ရန်ငင်း)ကို စိစစ်ခဲ့ကြရာ အားလုံးမှ ပြည့်စုံပြီဖြစ်ကြောင်း တညီတညွတ်တည်းသဘောတူ ဆုံးဖြတ်ခဲ့ကြသည်။
- ဘုရားရှင်၏ဓမ္မကို **မူရင်းအတိုင်း** ထိန်းသိမ်းစောင့်ရှောက်ပြီး **လိုတိုးပိုလျှော့** လုံးဝ လုပ်ခွင့်မရှိ သံဃာတော်များမှ **ထေရ်စဉ်ဝါစဉ်အလိုက် စောင့်ရှောက်ကြပါစို့** ဟု သဘောတူညီမှုယူခဲ့ပြီး **ထေရဝါဒဗုဒ္ဓသာသနာ** ဟု ခေါ်တွင်ခဲ့ပေသည်။
- ရဟန္တာ (၅၀၀)သော သံဃာထုခေါင်းဆောင်ပြီး အဇာတသတ်မင်းပါသော မင်းထုနှင့် သာသနာဝင်အားလုံး ပြည်သူထုမှ ပဉ္စယာနုဂ္ဂဟအဖြစ် ပံ့ပိုးကူညီခဲ့ကြပါသည်။

## ဒုတိယအကြိမ်သင်္ဂါယနာတင်ခြင်း

### (၁) အကြောင်းခံ

သာသနာနှစ် (၁၀၀) ကြာပြီးနောက် ဝဇ္ဇီတိုင်းသားရဟန်းများ (ဒေဝဒတ်၏တပည့်များ)မှ အဓမ္မဝတ္ထု (၁၀) ပါးကို တောင်းဆိုခဲ့ကြသည်။ ဥပမာ နေလက်တစ်သစ်လွဲသည် အထိ ထမင်းစားရန်ငင်း၊ သေနု (အရက်ခပ်ပျော့ပျော့)ကိုသောက်ရန်ငင်း၊ ရွှေငွေများကို သာမန်လူပုဂ္ဂိုလ်များကဲ့သို့ ကိုင်တွယ်အသုံးပြုရန်ငင်း စသဖြင့် တောင်းဆိုခဲ့သည်မှာ ထေရဝါဒဗုဒ္ဓသာသနာတော်အား ပြုပြင်ပြောင်းလဲရေးလုပ်လာသဖြင့် သာသနာညှိုးနွမ်းလာသည်ကို အကြောင်းပြုပြီး တင်ခဲ့သည်။

**(၂) သာသနာနှစ်**

(၁၀၀) နှစ်

**(၃) နေရာ**

ဝေသာလီပြည်၊ ဝါဠုကာရာမကျောင်း

**(၄) ခေါင်းဆောင်**

အရှင်ယသမထေရ် ဦးဆောင်သော အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမိ

**(၅) သံဃာဦးရေ**

ရဟန္တာပေါင်း (၇၀၀)

**(၆) မင်း**

ကာလာသောကမင်း

**(၇) ကြာမြင့်ချိန်**

(၈)လ

- ဝဇ္ဇီတိုင်းသားရဟန်းပျက်များကို အကြောင်းပြုပြီး အရှင်ယသမထေရ်မှဦးဆောင်ပြီး အရှင်ရေဝတနှင့် အရှင်သဗ္ဗကာမိနှစ်ပါးမှ အမေးအဖြေများ ပြုလုပ်စိစစ်ခဲ့ကြပြီး နှုတ်ထက်အက္ခရာတင်ခဲ့ကြရာ (၈)လ ကြာမြင့်ခဲ့သည်။ ရဟန္တာ (၇၀၀) သော သံဃာထု ကာလာသောကမင်း၏ မင်းထုနှင့် ပြည်သူလူထု၏ အကူအညီရယူပြီး ထု (၃) ထု ပူးပေါင်းပြီး ရဟန်းပျက်များအား စိစစ်ခဲ့ရာမှ ရဟန်းပျက်ပေါင်း (၁၀၀၀၀)ကျော်အား နှင်ထုတ်ခဲ့ရသည်။

- ၎င်းရဟန်းပျက် (၁၀၀၀၀) ကျော်ကို တိုင်းပြည်မှ နှင်ထုတ်လိုက်ရာ ၎င်းတို့သည်ဟိမဝန္တာတောင်ခြေဖက်သို့ သွားရောက်ခဲ့ရာ ၎င်းနေရာရှိမင်းတစ်ပါးမှ သနားပြီးခိုလှုံခွင့်ပေးလိုက်ရာမှ ၎င်းတို့သည်လည်း သင်္ဂါယနာစင်ပြိုင်တင်ခဲ့ကြသည်။ ၎င်းတို့မှာ ကြီးမားသော အင်အားရှိသဖြင့် **မဟာသံဃိကဂိုဏ်း** ဟုခေါ်ဆိုကြပြီး ဝေသာလီ၌ကျန်ရှိခဲ့ကြသော ရဟန္တာ (၇၀၀) ပါသော အဖွဲ့အား **ဟီနယာနဂိုဏ်း** သေးငယ်သောအဖွဲ့ဟု ခေါ်တွင်ခဲ့ကြသည်။
- သာသနာတော်ညှိုးနွမ်းလာသော အန္တရာယ်ကို ကာကွယ်ရန် သံဃာထု မင်းထု ပြည်သူလူထု ထု (၃) ထုမှ ပူးပေါင်းပြီး ထိန်းသိမ်းစောင့်ရှောက်လာခဲ့ခြင်းသာ ဖြစ်ပေသည်။

## တတိယအကြိမ်သင်္ဂါယနာတင်ခြင်း

**(၁) အကြောင်းခံ**

သာသနာနှစ် (၂၃၅) နှစ် ကြာပြီးနောက် ပါဋလိပုတ်ပြည်တွင် မိစ္ဆာအယူရှိသောရဟန်းအတု (၆၀၀၀၀) ကျော်အထိ သာသနာအတွင်း အယောင်ဆောင်ပြီး ဝင်ရောက်လာကြသည်ကိုအကြောင်းပြုပြီး တင်ခဲ့ရသည်။

**(၂) သာသနာနှစ်**

(၂၃၅) နှစ်

**(၃) နေရာ**

ပါဋလိပုတ်ပြည် အသောကာရုံကျောင်း

**(၄) ခေါင်းဆောင်**

အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်

**(၅) သံဃာဦးရေ**

ရဟန္တာပေါင်း (၁၀၀၀)

**(၆) မင်း**

သီရိဓမ္မာသောကမင်း

**(၇) ကြာမြင့်ချိန်**

(၉)လ

- ရဟန်းအတု (၆၀၀၀၀) ကျော် သာသနာအတွင်းဝင်ရောက်လာခဲ့ကြပြီး ကတုံးတုံးသင်္ကန်းစည်းသည်နှင့် ရဟန်းဖြစ်ပြီး လုပ်ချင်သလို လုပ်နေကြရာ သာသနာလွန်စွာမှ ညှိုးမှိန်လာခဲ့ပြီး ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်နေကြသော ရဟန်းအစစ်တို့မှာ လွန်စွာချို့တဲ့ဒုက္ခရောက်ခဲ့ကြရသည်။
- အရှင်တိဿမထေရ်ကြီး ဦးဆောင်သောရဟန္တာ (၁၀၀၀) ပါသော **သံဃာထု** သီရိဓမ္မာသောကမင်း၏ **မင်းထု** နှင့် သာသနာဝင်များ **မြည်သူလူထု** စသော ထု (၃) ထု ပူးပေါင်းပြီး နှုတ်ထက်အကွရာ သင်္ဂါယနာတင်ခဲ့ရာ အချိန် (၉) လ ကြာမြင့်ခဲ့သည်။
- အယောင်ဆောင်ဝင်လာသော ရဟန်းအတုများအား စိစစ်ပြီး လူဝတ်လဲစေခြင်း သာသနာတော်မှ နှင်ထုတ်ခဲ့ခြင်းတို့ဖြင့် သာသနာတော် ညှိုးနွမ်းနေမှုကို ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြပေသည်။
- သီရိဓမ္မာသောကမင်းသည် သင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာန သာသနာပြုအဖွဲ့များစေလွှတ်ပြီး အကြီးမားဆုံးသော သာသနာပြုလုပ်ငန်းကိုကမ္ဘာအနှံ့ပြုလုပ်ခဲ့ရာကမ္ဘာ့အင်ပါယာ တစ်ခုလုံး၏ (၅)ပုံ (၄)ပုံသည် ဗုဒ္ဓသာသနာတော် လွှမ်းမိုးခဲ့ရသည်။

- မြန်မာနိုင်ငံသို့ သာသနာရောက်ရှိလာရခြင်းသည် သုဝဏ္ဏဘူမိ သာသနာပြုအဖွဲ့မှ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ် (၂) ပါး ဦးဆောင်သော ရဟန္တာ(၅)ပါးအဖွဲ့၏ သထုံဖက်မှ ဝင်ရောက် သာသနာပြုရာမှအစပြုပြီး ရောက်ရှိလာရခြင်း ဖြစ်သည်။

## စတုတ္ထအကြိမ်သင်္ဂါယနာတင်ခြင်း

### (၁) အကြောင်းရင်း

သာသနာနှစ် (၄၅၀)ကြာသော် သီဟိုဠ်နိုင်ငံသို့ သာသနာ ကူးပြောင်းလာခဲ့ရာတွင် အငတ်ဘေးနှင့်သူပုန်ဘေးကြီး (၁၂)နှစ်ကြာ ကျရောက်ခဲ့ရသဖြင့် သံဃာအစစ်များ ဒုက္ခ ရောက်ခဲ့ကြမှုကို အကြောင်းပြုပြီးတင်ခဲ့သည်။

### (၂) သာသနာနှစ်

(၄၅၀) နှစ်

### (၃) နေရာ

သီဟိုဠ်နိုင်ငံ မလယဇနပုဒ် အလောကလိုဏ်ဂူ

### (၄) ခေါင်းဆောင်

အရှင်မဟာဓမ္မရက္ခိတမထေရ်

### (၅) သံဃာဦးရေ

ရဟန္တာပေါင်း (၅၀၀)

### (၆) မင်း

ဝဋ္ဋဂါမဏိမင်း

## (၇) ကြာမြင့်ချိန်

တစ်နှစ်

- သီရိဓမ္မာသောကမင်း၏ သားတော်ရဟန္တာမဟိန္ဒနှင့်သမီးတော် ရဟန္တာ သင်္ဃမိတ္တာထေရီတို့ ပြုခဲ့သောသာသနာသည် သီဟိုဠ်တွင် ထွန်းကားခဲ့ရာမှ အငတ်ဘေးနှင့် သူပုန်ဘေးများ (၁၂)နှစ်ကြာပေါ်ပေါက်သဖြင့် ဒါယကာ ဒါယိကာမများမှ ပစ္စည်းလေးပါးပံ့ပိုးမှု မရှိတော့သဖြင့် ဝိနည်းလေးစားသော သံဃာအစစ်တို့သည် ဒုက္ခရောက်ကြရသည်။
- အချို့သော သံဃာအစစ်တို့သည် ဘုရားရှင်၏ ဓမ္မများ မပျောက်ပျက်ရလေအောင် နှုတ်ဖြင့်ရွတ်ဆိုရင်း သဲသောင်ပေါ်တွင် ဗိုက်ပေါ်သဲများတင်ပြီးမမေ့လျော့အောင် ရွတ်ဖတ်ထိန်းသိမ်းနေကြသည်။ အချို့သံဃာတို့တွင်လည်း လွန်စွာချို့တဲ့လာကြသဖြင့် နီဝရဏတရားများ လွှမ်းမိုးလာကြသည်။
- သူပုန်ဘေး(၁၂)နှစ်ကာလပြီးဆုံးချိန်တွင်သာသနာလွန်စွာ ညှိုးမှိန်နေသဖြင့် အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သောရဟန္တာ(၅၀၀)တို့ ပါဝင်သော **သံဃာထု** အထောက်အပံ့ပြုကြသော ဝဋ္ဋဂါမဏိမင်း၏ **မင်းထု**သာသနာဝင်များ **ပြည်သူ လူထု** ထု (၃) ထု ပူးပေါင်းဆောင်ရွက်ကြသည်။
- ပိဋကတ်တော်များသည် နှုတ်ထက်အက္ခရာတင်လျှင် နောင်တွင် အလွယ်တကူ ပျောက်ကွယ်သွားနိုင်သည်ကို သိလာသဖြင့် မှတ်တမ်းအဖြစ် **ပေရွက်ပေါ်ရေးတင်ပြီး** ပေထက်အက္ခရာတင်ခဲ့ရာ တစ်နှစ်ကြာမြင့်ခဲ့သည်။

## ပဥ္စမအကြိမ်သင်္ဂါယနာတင်ခြင်း

**(၁) အကြောင်းခံ**

သာသနာနှစ် (၂၄၁၅)ကြာပြီးနောက် စတုတ္ထနှင့်ပဥ္စမအကြိမ်ကြားတွင် နှစ်ပေါင်း(၂၀၀၀)ခန့် ကြာမြင့်ခဲ့သည့်အတွက် ပေရွက်ပေါ်တင်ထားမှုသည်ရာသီဥတုနှင့်ပိုးမွှားအန္တရာယ်တို့ကြောင့် ကြာရှည်ခံနိုင်မှုမရှိဘဲ ဖြစ်လာခြင်း မူကွဲများဖြစ်ပေါ်လာခြင်းတို့အပေါ် အကြောင်းပြု၍တင်ခဲ့သည်။

**(၂) သာသနာနှစ်**

(၂၄၁၅) နှစ်

**(၃) နေရာ**

မြန်မာနိုင်ငံ မန္တလေးမြို့ ရတနာပုံနေပြည်တော်

**(၄) ခေါင်းဆောင်**

အရှင်ဇာဂရမထေရ်

**(၅) သံဃာဦးရေ**

ရိုးရိုးရဟန်းပေါင်း (၂၄၀၀)

**(၆) မင်း**

မင်းတုန်းမင်း

**(၇) ကြာမြင့်ချိန်**

နှုတ်ဖြင့်ရွတ် (၅) လ (၃) ရက်

ကျောက်ထက်တင် (၇) နှစ် (၆) လ (၁၄) ရက်

- သာသနာနှစ် (၂၄၁၅) နှစ် ကြာသော် ပေရွက်ပေါ်တင်ထားသော ပိဋကတ် (၃) ပုံတို့သည် ရာသီဥတုနှင့် ပိုးမွှားအန္တရာယ်တို့ကြောင့် ပျက်စီးလာခဲ့ခြင်းနှင့် အချို့မူကွဲများ ဖြစ်ပေါ်လာခြင်းတို့ကြောင့် အရှင်ဇာဂရမထေရ် ဦးဆောင်သော ရဟန်း(၂၄၀၀)ပါဝင်သော **သံယာထု** သည် ထောက်ပံ့ကူညီပေးသော မင်းတုန်းမင်း၏ **မင်းထု** နှင့် သာသနာဝင်များ **ပြည်သူလူထု** စသော ထု (၃) ထု ပူးပေါင်းပြီး မန္တလေးမြို့ ရတနာပုံနေပြည်တော်တွင် သင်္ဂါယနာတင်ခဲ့ကြသည်။
- နှုတ်ဖြင့်ရွတ်ဆိုတင်ခဲ့ခြင်းသည် (၅)လနှင့်(၃)ရက် ကြာမြင့်ခဲ့ပြီးနောက် ပိဋကတ်တော်များကို ကမ္ဘာတည်သရွေ့ကြာရှည် မပျက်စီးရလေအောင် စကျင်ကျောက်ပြားအပေါ်၌ ထွင်းထုရေးသားခဲ့ရာ စကျင်ကျောက်ဖြူအပြားပေါင်း(၇၂၉)ချပ်ရရှိခဲ့ပြီး အချိန်အားဖြင့် (၇)နှစ်(၆)လနှင့်(၁၄)ရက်ကြာမြင့်ခဲ့ပြီး ယနေ့တိုင် မန္တလေးလောကမာရဇိန်ဘုရားဝင်းအတွင်း၌ ကမ္ဘာ့အကြီးဆုံးစာအုပ် (The World Biggest Book) ဟူသောအမည်ဖြင့် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၏ဂုဏ်ဆောင်မှတ်တိုင်ကြီးအဖြစ် လွှန်စွာထင်ရှားခဲ့ပေသည်။

## ဆဋ္ဌမအကြိမ်သင်္ဂါယနာတင်ခြင်း

### (၁) အကြောင်းခံ

သာသနာထွန်းကားရာ မြန်မာနိုင်ငံသည် တစ်ပါးသောဘာသာဝင်တို့၏ သူကျွန်ဘဝရောက်ခဲ့ပြီး နှစ် (၁၀၀) ခန့် သာသနာညှိုးနွမ်းခဲ့မှုအပေါ် အကြောင်းခံပြီးသာသနာနှစ် (၂၄၉၈)နှစ်တွင် သင်္ဂါယနာတင်ခဲ့ရသည်။

**(၂) သာသနာနှစ်**

(၂၄၉၈) နှစ်

**(၃) နေရာ**

မြန်မာနိုင်ငံ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူ

**(၄) ခေါင်းဆောင်**

ညောင်ရမ်းဆရာတော်အရှင်ရေဝတ၊ မဟာစည်ဆရာတော် အရှင်သောဘဏ၊ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာ ဘိဝံသ

**(၅) သံဃာဦးရေ**

ရှိးရှိးရဟန်းပေါင်း (၂၅၀၀)

**(၆) မင်း**

ဖဆပလ ဦးနု အစိုးရ

- ဗုဒ္ဓသာသနာထွန်းကားဆုံးဖြစ်သော မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ နှစ်(၁၀၀)ခန့် ကြာမြင့်ခဲ့ပြီး သာသနာတော် လွန်စွာညှိုးနွမ်းလာခဲ့သည်။ သူ့ကျွန်ဘဝမှ လွတ်မြောက်လာသည်နှင့် သာသနာနှစ် (၂၄၉၈) နှစ်တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတွင် ဆဋ္ဌမအကြိမ်သင်္ဂါယနာတင်ပြီး သာသနာတော်ကို စောင့်ရှောက်ခဲ့ရသည်။
- ညောင်ရမ်းဆရာတော်၊ မဟာစည်ဆရာတော်နှင့် မင်းကွန်းဆရာတော်များ ဦးဆောင်သော ရဟန်း (၂၅၀၀) တွင်

ထေရဝါဒနိုင်ငံများဖြစ်သော မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ နိုင်ငံ (၅) နိုင်ငံမှ ရဟန်းများ ပါဝင်သော **သံဃာထု**၊

- ဖဆပလ ဦးနုအစိုးရဦးဆောင်သော **မင်းထု** နှင့် သာသနာဝင်များ **ပြည်သူလူထု** စသော ထု (၃) ထု ပူးပေါင်းဆောင်ရွက်ပြီး ယခင် ပိဋကတ်တော်များကို ကျောက်ပြားပေါ်မှာဖတ်နေရာမှ အလွယ်တကူဖတ်မှတ်လေ့လာနိုင်ရန် ပိဋကတ်တော်များကို စာအုပ်များပေါ်တွင် ကူးပြောင်းရိုက်နှိပ်ပြီး ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်ပြီး သာသနာတော်ကို စောင့်ရှောက်ခဲ့ကြသည်။
- ယခုအချိန်တွင် ဗုဒ္ဓသာသနာတော်ပိဋကတ်(၃)ပုံစလုံးသည် စာအုပ်များပေါ်တွင် ရောက်ရှိလာပြီဖြစ်သဖြင့် မည်သည့် ပုဂ္ဂိုလ်မဆို နေရာမရွေး အချိန်မရွေး အလွယ်တကူဖတ်မှတ် လေ့လာနိုင်လာပြီး သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွား ရေးအတွက်လည်း အထူးအရေးပါလှပေသည်။

## ကျေးဇူးသိမှကျေးဇူးဆပ်

- သတ္တဝါတိုင်းမှာ ကျေးဇူးရှင်များရှိကြပေရာ ကျေးဇူးရှင်များ အပေါ် ကျေးဇူးတင်စေသည့်အကြောင်းများကို မသိရှိသော ကျေးဇူးကိုပြန်လည် မပေးဆပ်ကြသေးဘဲ လွှင့်မျော၊ မေ့လျော့ နေခဲ့ကြသည်။
- ကျေးဇူးရှင်များ၏ ကျေးဇူး (ဂုဏ်တော်) ကို မှန်ကန်စွာ သိမြင် လာသည်နှင့် ကျေးဇူးအား ပြန်လည်မပေးဆပ်ဘဲ မနေနိုင်ကြ တော့ပေ။

(၁) ဘုရားရှင်၏ **ဘုရားအလောင်း** ဘဝမှ ကျေးဇူးတော်
(၂) **ဘုရား** ဖြစ်ပြီးနောက် သာသနာထူထောင်ပြီး သာသနာပြုပေးခဲ့သော ကျေးဇူးတော်
(၃) ဘုရားရှင်၏သာဝကကြီးများဖြစ်သော ခေတ်အဆက်ဆက်သာသနာပြုယာခဲ့သောသံဃာတော်အရှင်သူမြတ်များပါဝင်သော သံဃာထု၏ကျေးဇူးတော်
(၄) ခေတ်အဆက်ဆက်သာသနာ့အကျိုးပံ့ပိုးပေးခဲ့သော အာဏာပိုင် **မင်းဆ** ၏ ကျေးဇူးတော်
(၅) သာသနာ့အကျိုးဆောင်ရွက်ပေးခဲ့ကြသော သာသနာဝင်များ **ပြည်သူလူထု** ၏ ကျေးဇူးတော်

သမိုင်းတလျှောက် ကျေးဇူးပြုခဲ့ကြသော ကျေးဇူးရှင်အားလုံးတို့၏အသက်သွေးပေါင်းမြောက်မြားစွာဘဝပေါင်းမြောက်မြားစွာဖြင့် ထူထောင်လာခဲ့ထိန်းသိမ်း စောင့်ရှောက်လာခဲ့ရသော တန်ဖိုးဖြတ်၍ မရနိုင်သော **ဗုဒ္ဓသာသနာတော်**ကိုမျိုးဆက်သစ်ယနေ့ခေတ် ဗုဒ္ဓသာသနာဝင်အပေါင်းတို့ကလည်း ဆက်လက်ပြီးထိန်းသိမ်းစောင့်ရှောက် ကျေးဇူးဆပ်ရန်လိုအပ်လှပေသည်။

## ယနေ့ခေတ်သာသနာအခြေအနေ

- သာသနာနှစ်(၂၃၅)နှစ် တတိယသင်္ဂါယနာတင်စဉ်က ကမ္ဘာ့အင်ပါယာ၏ (၅) ပုံ (၄) ပုံသည် ဗုဒ္ဓသာသနာလွှမ်းမိုးခဲ့ရာမှ ယနေ့ခေတ်တွင် **ထေရဝါဒဗုဒ္ဓသာသနာ** သည် (၅)နိုင်ငံသာ ကျန်ပေတော့သည်။
- ကမ္ဘာ့လူဦးရေဖြင့်နှိုင်းယှဉ်လျှင် သန်းပေါင်း (၆၁၀၀) ခန့်ရှိသောကမ္ဘာတွင် သန်းပေါင်း (၂၅၀)ခန့်သာ ရှိနိုင်ကြောင်း ခန့်မှန်းကြသဖြင့် ယခင်က ကမ္ဘာ့ဦးရေ၏ (၈၀) ရာခိုင်နှုန်းမှ

ယခု (၄) ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း မှန်းဆကြလေသည်။

- မြန်မာနိုင်ငံသည် **ထေရဝါဒသာသနာ** အထွန်းကားဆုံးသောနိုင်ငံဖြစ်ပြီး တစ်နိုင်ငံလုံး၏ (၈၀) ရာခိုင်နှုန်းခန့်ရှိသည်ဟုခန့်မှန်းခဲ့ကြသော်လည်း ထေရဝါဒဗုဒ္ဓသာသနာအကြောင်းနားလည်သူနည်းပါးလှပေသည်။
- သို့အတွက်ကြောင့် ယခုအချိန်တွင် သံဃာထုနှင့် မင်းထုအပိုင်းမှ ရေရှည်စီမံကိန်းများမှ ချမှတ်ပြီး အထူးကြိုးစားဆောင်ရွက်နေကြပြီ ဖြစ်သော်လည်း **ပြည်သူလူထု** အပိုင်းမှ ကြိုးစားဆောင်ရွက်မှု လွန်စွာအားနည်းနေပေသည်။

## ဘုရားသာသနာအကျင့်နှစ်ဖြာ

- ဘုရားရှင်၏ သာသနာပြုလုပ်ငန်းတွင်
  (၁) ပရိယတ္တိသာသနာသည် တရားဟော တရားပြ စာပေဖတ်မှတ် သင်ကြားခြင်းလုပ်ငန်း (စာသင်တိုက်များ၊ တရားပွဲများ) နှင့်
  (၂) ပဋိပတ္တိသာသနာသည် မိမိဗဟုသုတဖြင့် သိရသောစစ်မှန်သောတရားတော်များကိုခန္ဓာတွင်းမှာ သိမြင်လာအောင် ကိုယ်တိုင်ရှုမှတ် လေ့ကျင့်ရသော လုပ်ငန်း (ဝိပဿနာရိပ်သာများ၌ အားထုတ်ခြင်း) များကိုသာအကျင့်(၂)ဖြာဟုခေါ်ဆိုရပေမည်။

## သမိုင်းကြောင်းမှအားနည်းချက်များ

၁။ ဗုဒ္ဓသာသနာ၏ **အခြေခံအနှစ်သာရများ** ကို သိမြင်နားလည်မှု အားနည်းခြင်း

၂။ ဗုဒ္ဓ၏အလိုတော်ကျသည် မိမိခန္ဓာမှာတရားတွေ့နိုင်ရေးကျင့်ဖို့ အဓိကဆုံးမခဲ့သော်လည်း **ခန္ဓာကိုယ်တွေ့ကျင့်ကြံရှုမှတ်မှု** နည်းပါးခဲ့ခြင်း

၃။ သာသနာပြုလုပ်ငန်းသည် **အများအကျိုးသယ်ပိုး** သည့် လုပ်ငန်းဖြစ်သော်လည်း မိမိအကျိုးကိုသာ ဆောင်ရွက်ခဲ့သူ များပြားနေခဲ့ခြင်း

၄။ သာသနာပြုလုပ်ငန်းသည် တစ်ဦးတစ်ယောက်တည်းအနည်းစု ဖြင့် လုပ်၍မရ သာသနာဝင်အားလုံး အများစုမှ **ပူးပေါင်း ဆောင်ရွက်ရန်** အားနည်းနေကြခြင်း

၅။ သာသနာတော်ကြီးသန့်ရှင်းတည်တံ့ပြန့်ပွားနိုင်ရန် ကြံသလို လုပ်၍မရ အမြော်အမြင်ကြီးမားစွာဖြင့် **ရေရှည် စီမံကိန်း**များ ရေးဆွဲပြီး ဆောင်ရွက်ရန်အားနည်းနေခဲ့ခြင်း

## အားနည်းချက်ကိုပြုပြင်ကြပါစို့

ဗုဒ္ဓသာသနာဝင်အားလုံးတို့ရေ-

၁။ ထေရဝါဒဗုဒ္ဓသာသနာတော်၏ အခြေခံအနှစ်သာရများ ကို **အနည်းဆုံး အနှစ်ချုပ်** များ သိမြင်နားလည်လာအောင် ဆောင်ရွက်ကြရန်

၂။ ဗုဒ္ဓအလိုတော်ကျ မိမိသိသောတရားများကို **မိမိခန္ဓာမှာ ကျင့်ကြံရှုမှတ်** ကြရန်

၃။ သာသနာပြုလုပ်ငန်းဆောင်ရွက်သူတိုင်း ကိုယ်ကျိုးစွန့်လွှတ်ပြီး အများအကျိုးအတွက် **သာသနာတော်အကျိုးတစ်ခုတည်းသာ** ရည်ရွယ်ပြီးစစ်မှန်စွာသာသနာပြုကြရန်

၄။ ဗုဒ္ဓသာသနာဝင်အားလုံးတို့သည် ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် လူတိုင်းတွင်တာဝန်ရှိပြီး **သာသနာဝင်တိုင်း ပူးပေါင်းဆောင်ရွက်** လာနိုင်ရေးစည်းရုံး ကြရန်

၅။ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အမြော် အမြင်ကြီးမားစွာဖြင့် ဘက်စုံမှလိုအပ်သော အင်အားများ စုစည်းပြီး **ရေရှည်စီမံကိန်း** မဟာဗျူဟာ နည်းဗျူဟာများ ရေးဆွဲပြင်ဆင်ပြီး ဆောင်ရွက်ကြရန်

**အင်အား (၅) အား အမြဲဖြည့်ထား**

**၁။ ဓမ္မအား**

ဗုဒ္ဓဘုရားရှင်၏ မူရင်းအတိုင်းစစ်မှန်သောဓမ္မကို မှန်တိုရှင်း နည်းလမ်းဖြင့် စုထားသောတရားဓမ္မအင်အား

**၂။ လူအား**

အယုတ် အလတ် အမြတ် လူတန်းစားမရွေး သူတောင်းစား အရှုံးပါမကျန် စုစည်းထားသောလူအင်အား

**၃။ ဓနအား**

သာသနာတော်အတွက် ပံ့ပိုးကူညီပေးသော ငွေအား ပစ္စည်း ဉစ္စာအားရှိသော ပုဂ္ဂိုလ်များ၏အင်အား

**၄။ အာဏာအား**

အစိုးရမင်းများ၏ ပံ့ပိုးကူညီ စောင့်ရှောက်မှုသည် လွန်စွာ ကြီးမားသောအင်အား

၅။ **အကြံဉာဏ်အား**

သာသနာတော်အတွက် နည်းမှန်လမ်းမှန် တိုးတက်စေရန် ထက်မြက်သော အကြံဉာဏ်ပေးနိုင်သော ပုဂ္ဂိုလ်များ၏ အင်အား

## မှတ်သားရမည့်ဥပမာ

- တတိယအကြိမ်သင်္ဂါယနာတင်ခဲ့သော သီရိဓမ္မာသောကမင်းသည် မှတ်တမ်းတင်ကျောက်စာတိုင်များထုလုပ်စိုက်ထူခဲ့စဉ်က ကျောက်တိုင်များ၏ထိပ်တွင် တိရစ္ဆာန်(၄)ကောင်ကို ထုလုပ်ခဲ့သည်။

(၁) ခြင်္သေ့ - ခြင်္သေ့ကဲ့သို့ ရဲဝံ့သောသတ္တိရှိရန်
(၂) ဆင် - ဆင်ကဲ့သို့ ခွန်အားကြီးမားမှုရှိရန်
(၃) မြင်း - မြင်းကဲ့သို့ သွက်လက်ဖြတ်လတ်စွာ လုပ်ဆောင်ရန်
(၄) နွား - နွားကဲ့သို့ ဝန်ဆောင်နိုင်သကဲ့သို့ သည်းငြီးခံနိုင်ရန်

- သာသနာပြုသူတို့သည် ၎င်းတိရစ္ဆာန်(၄)ကောင်၏ ထင်ရှားသော စရိုက်ကဲ့သို့ အတုယူ လုပ်ဆောင်ကြရန် ဥပမာပေးခဲ့ပေသည်။

## သာသနာပြုသူစိတ်ဓာတ်

- စိတ်ရှည် ဇွဲသန် သည်းငြီးခံ ပြုရန်သာသနာ
- ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ စသောဆောင်ပုဒ်များနှင့်အညီ သာသနာပြုမည့်သူသည် မာန်(မာန)ကိုလည်း လျှော့ သည်းငြီးခံပြီး မိမိအကျိုးအတွက်ရယူခြင်း (လာဘ၊ သက္ကာယ၊ သိလောက) ကိုသွယ်ဝိုက်၍ပင်လျှင် မယူမိစေရန်နှင့် အများ

အကျိုးဆောင်ရွက်ချင်သော စေတနာအပြည့်ထားပြီး ဗုဒ္ဓသာသနာတော်ကြီးအတွက် မိမိစွမ်းဆောင်နိုင်သည့်အခန်းကဏ္ဍမှ နိုင်သလောက် ပေးဆပ်ကြရမည် ဖြစ်သည်။

## ထေရဝါဒ(၅)နိုင်ငံမှ ဆရာတော်ကြီးများ၏ နောက်ဆုံးညှိနှိုင်းသဘောတူညီချက်

၁။ Restoratin (နဂိုမူရင်းအတိုင်း အစားထိုးခြင်း)

၂။ Preservation (မူရင်းအတိုင်းကိုသာ သိမ်းဆည်းထားခြင်း)

၃။ Promotion (တိုးတက်အောင် ကူညီအားပေးခြင်း)

၄။ Propagation (ပြန့်ပွားခြင်း)

၅။ Protection (ကာကွယ်ခြင်း)

အထက်ပါ(၅)ချက်ကို အမြန်ဆုံးအကောင်အထည်ဖော်ကြရန်

## သာသနာပြုကြရအောင်

ဗုဒ္ဓသာသနာဝင်အပေါင်းတို့ရေ-

- ဗုဒ္ဓ၏အဆုံးအမ တရားတော်များအား မိမိခန္ဓာကိုယ်တွင်းမှာ ထိုးထွင်းသိပြီး လင်းထိန်နိုင်ရန်ငှင်း
- မိမိခန္ဓာမှာတရားတွေ့ပြီးနောက် တစ်ပါးသောသတ္တဝါများအားလုံးကိုလည်း မိမိသိသလို မြင်သလို သိမြင်လာနိုင်ရေး ကူညီပံ့ပိုးနိုင်ရန်ငှင်း
- ကျေးဇူးကြီးမားလှတဲ့ ဗုဒ္ဓသာသနာတော်ကြီး အနန္တစကြာဝဠာမှာအလင်းဆုံးဖြစ်သောနေမင်းကဲ့သို့ထွန်းလင်းနိုင်ရန်ငှင်း ရည်ရွယ်ကြပြီးလျှင် မိမိအကျိုး အများအကျိုး သယ်ပိုးဆောင်ရွက်ကြဖို့ ကာယကံ ဝစီကံ မနောကံ (၃) ပါးတို့တွင် မိမိဆောင်ရွက်နိုင်သော ကံတို့ဖြင့် အချိန်ရှိတိုင်း ဗုဒ္ဓ

သာသနာဝင် အားလုံးတို့မှ မိမိတို့တစ်ပိုင်တစ်နိုင် ပံ့ပိုးကူညီကြမည်ဆိုလျှင်

**(သာသနာတော်ကြီးလင်းထိန်သကဲ့သို့ အနန္တသတ္တဝါအားလုံးတို့သည် ချမ်းသာအစစ်သို့ မလွဲမသွေရရှိနေကြမည်ဖြစ်ပေသည်။)**

## နေပေါင်းညီညာအောင်ကြောင်းဖြာ

ထေရဗုဒ္ဓသာသနာဝင်အပေါင်းတို့-

ထေရဝါဒဗုဒ္ဓသာသနာတော်သည်

၁။ Practical System (လက်တွေ့ပြည့်စုံသောစနစ်)

၂။ Ethical System (ကိုယ်ကျင့်တရားပြည့်စုံသောစနစ်)

၃။ Spiritual System (စိတ်ပိုင်းဆိုင်ရာပြည့်စုံသောစနစ်)

၄။ Philosophical System (အတွေးအခေါ်ပိုင်းဆိုင်ရာ ပြည့်စုံသောစနစ်)

စစ်မှန်လှသောစနစ် (၄) မျိုးဖြင့်ပြည့်စုံလှသော ထေရဝါဒဗုဒ္ဓသာသနာတော်၏ **ခမ္မအား** ပြည့်စုံလှပြီးအချိန်မရွေး ပုဂ္ဂိုလ်မရွေး နေရာမရွေး ဖိတ်ခေါ်နေနိုင်သောအခြေအနေရှိပါလျက် **လူအား ငွေအား အာဏာအား အကြံဉာဏ်အား**ရှိသော သာသနာဝင်များမှ အမြန်ဆုံး မိမိတို့တပိုင်တနိုင် ဝိုင်းဝန်းသယ်ပိုး ကူညီပံ့ပိုးကျင့်ကြံကြမည်ဆိုလျှင် မိမိသည်လည်း မြင့်မြတ်လူသားဖြစ်ပြီး တစ်ခဏတာမျှ ကြုံကြိုက်နေသော လူ့ဘဝရောက်ခိုက်မှာ အနှစ်သာရပြည့်ဝကြစေဖို့ ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။

# သင်္ဂါယနာတင်ခြင်းသမိုင်း

| အကြိမ်မြောက် | သာသနာနှစ် | နေရာ | ခေါင်းဆောင်သံဃာ | သံဃာဦးရေ | ပစ္စယနုဂ္ဂဟ-မင်း | တင်ရသည့်အကြောင်းရင်း | ကြာချိန် | ရဟန်းတု |
|---|---|---|---|---|---|---|---|---|
| ပထမ | (၃)လ (၄) ရက်<br>နှုတ် | - သတ္တပဏ္ဏိ-လိုဏ်ဂူ<br>- ဝေဘာရတောင်<br>- ရာဇဂြိုဟ်ပြည် | - အရှင်မဟာကဿပ(ဦး)<br>- ရှင်ဥပါလိ<br>- ရှင်အာနန္ဒာ | ရဟန္တာ<br>(၅၀၀) | - အဇာတသတ် | - သာသနာပုတ်ခတ် | (၇) လ | သုဘဒ္ဒ |
| ဒုတိယ | (၁၀၀) နှစ်<br>(နှုတ်) | - ဝါဠုကာရာမကျောင်း<br>- ဝေသာလီပြည် | - အရှင်ယသ (ဦး)<br>- အရှင်သဗ္ဗကာမိ၊ အရှင်ရေဝတ | ရဟန္တာ<br>(၇၀၀) | - ကာလာသောက | - အဓမ္မဝတ္ထု (၁၀) ပါး | (၈) လ | ၁၀၀၀၀ကျော် |
| တတိယ | (၂၃၅) နှစ်<br>(နှုတ်) | - အသောကာရုံကျောင်း<br>- ပါဋလိပုတ်ပြည် | - အရှင်တိဿ (ဦး)<br>- မဇ္ဈန္တိက၊ မဟာဒေဝ | ရဟန္တာ<br>(၁၀၀၀) | - သီရိဓမ္မာသောက<br>ကိုးတိုင်း၊ ကိုးဌာန<br>သာသနာပြု<br>(မြန်မာသုဝဏ္ဏဘူမိ) | - ရဟန်းတုမိစ္ဆာဒိဋ္ဌိအယူရှိ | (၉) လ | ၆၀၀၀၀ |
| စတုတ္ထ | (၄၅၀) နှစ်<br>(ပေ) | - အလောကလိုဏ်ဂူ<br>- မလယဇနပုဒ်<br>-သီဟိုဠ်နိုင်ငံ | - အရှင်မဟာဓမ္မရက္ခိတ(ဦး) | ရဟန္တာ<br>(၅၀၀) | - ဝဋ္ဋဂါမဏိ | - ငတ်မွတ်ဘေး/သူပုန်ဘေး<br>(၁၂)နှစ်ကြာ | (၁) နှစ် | |
| ပဥ္စမ | (၂၄၁၅) နှစ်<br>(ကျောက်) | - ရတနာပုံနေပြည်တော်<br>- မန္တလေးမြို့<br>- မြန်မာနိုင်ငံ | - အရှင်ဇာဂရ | ရဟန်း<br>(၂၄၀၀) | - မင်းတုန်းမင်း<br>(စကျင်ကျောက်ပြား)<br>(၇၂၉) | - ပေရွက်များသည်အချိန်<br>ကြာလျှင်ပျက်စီး<br>- မူကွဲများရှိလာ | (၇) နှစ်<br>(၆) လ<br>(၁၄) ရက် | |
| ဆဋ္ဌမ | (၂၄၉၈) နှစ်<br>(စာရွက်) | - မဟာပါသာဏလိုဏ်ဂူ<br>- ကမ္ဘာအေးကုန်းမြင့်<br>- ရန်ကုန်မြို့<br>- မြန်မာနိုင်ငံ | - ညောင်ရမ်း - အရှင်ရေဝတ<br>- မဟာစည် - ဦးသောဘဏ<br>- မင်းကွန်း - ဦးဝိစိတ္တသာရာဘိဝံသ | ရဟန်း<br>(၂၅၀၀)<br>ထေရ(၅)နိုင်ငံ<br>မြန်မာ၊ ယိုးဒယား၊<br>လာအို၊ကမ္ဘောဒီးယား၊<br>သီရိလင်္ကာ | - ဖဆပလအစိုးရဦးနု | - သုဗ္ဗကျွန်ဘဝနှစ် (၁၀၀)<br>သာသနာညှိုးနွမ်း | | |

# သင်္ဂါယနာတင်ခြင်းသမိုင်း

| အကြိမ်မြောက် | သာသနာနှစ် | နေရာ | ခေါင်းဆောင်သံဃာ | သံဃာဦးရေ | ပစ္စယနုဂ္ဂဟ-မင်း | တင်ရသည့်အကြောင်းရင်း | ကြာချိန် | ရဟန်းတု |
|---|---|---|---|---|---|---|---|---|
| ပထမ | (၃)လ (၄) ရက် နှုတ် | - သတ္တပဏ္ဏိ-လိုဏ်ဂူ<br>- ဝေဘာရတောင်<br>- ရာဇဂြိုဟ်ပြည် | - အရှင်မဟာကဿပ(ဦး)<br>- ရှင်ဥပါလိ<br>- ရှင်အာနန္ဒာ | ရဟန္တာ (၅၀၀) | - အဇာတသတ် | - သာသနာပုတ်ခတ် | (၇) လ | သုဘဒ္ဒ |
| ဒုတိယ | (၁၀၀) နှစ် (နှုတ်) | - ဝါဠုကာရာမကျောင်း<br>- ဝေသာလီပြည် | - အရှင်ယသ (ဦး)<br>- အရှင်သဗ္ဗကာမီ၊ အရှင်ရေဝတ | ရဟန္တာ (၇၀၀) | - ကာလာသောက | - အဓမ္မဝတ္ထု (၁၀) ပါး | (၈) လ | ၁၀၀၀၀ကျော် |
| တတိယ | (၂၃၅) နှစ် (နှုတ်) | - အသောကာရုံကျောင်း<br>- ပါဋလိပုတ်ပြည် | - အရှင်တိဿ (ဦး)<br>- မဇ္ဈန္တိက၊ မဟာဒေဝ | ရဟန္တာ (၁၀၀၀) | - သီရိဓမ္မာသောက ကိုးတိုင်း၊ ကိုးဌာန သာသနာပြု (မြန်မာသုဝဏ္ဏဘူမိ) | - ရဟန်းတုမိစ္ဆာဒိဋ္ဌိအယူရှိ | (၉) လ | ၆၀၀၀၀ |
| စတုတ္ထ | (၄၅၀) နှစ် (ပေ) | - အလောကလိုဏ်ဂူ<br>- မလယဇနပုဒ်<br>-သီဟိုဠ်နိုင်ငံ | - အရှင်မဟာဓမ္မရက္ခိတ(ဦး) | ရဟန္တာ (၅၀၀) | - ဝဋ္ဋဂါမဏိ | - ဝတ်မွတ်ဘေး/သူပုန်ဘေး (၁၂)နှစ်ကြာ | (၁) နှစ် | |
| ပဉ္စမ | (၂၄၁၅) နှစ် (ကျောက်) | - ရတနာပုံနေပြည်တော်<br>- မန္တလေးမြို့<br>- မြန်မာနိုင်ငံ | - အရှင်ဇာဂရ | ရဟန်း (၂၄၀၀) | - မင်းတုန်းမင်း (စကျင်ကျောက်ပြား) (၇၂၉) | - ပေရွက်များသည်အချိန်ကြာလျှင်ပျက်စီး<br>- မူကွဲများရှိလာ | (၇) နှစ် (၆) လ (၁၄) ရက် | |
| ဆဋ္ဌမ | (၂၄၉၈) နှစ် (စာရွက်) | - မဟာပါသာဏလိုဏ်ဂူ<br>- ကမ္ဘာအေးကုန်းမြင့်<br>- ရန်ကုန်မြို့<br>- မြန်မာနိုင်ငံ | - ညောင်ရမ်း - အရှင်ရေဝတ<br>- မဟာစည် - ဦးသောဘဏ<br>- မင်းကွန်း - ဦးဝိစိတ္တသာရာဘိဝံသ | ရဟန်း (၂၅၀၀) ထေရ(၅)နိုင်ငံ မြန်မာ၊ ယိုးဒယား၊ လာအို၊ကမ္ဘောဒီးယား၊ သီရိလင်္ကာ | - ဖဆပလအစိုးရဦးနု | - သူ့ကျွန်ဘဝနှစ် (၁၀၀) သာသနာညှိုးနွမ်း | | |

လောကီ နှင့် လောကုတ္တရာ အတွက်
မိမိအကျိုး နှင့် အများအကျိုးရှိအောင်
ဆောင်ရွက်သူသည်သာလျှင်

# မြင့်မြတ် ပုဂ္ဂိုလ်
# ( အနှစ်ရှိသော ပုဂ္ဂိုလ် )

ဗုဒ္ဓသာသနာတော်သည်
**သန္ဓိ့** ရှင်းပါမှ
**တည်** တံ့ပြီး
တည်တံ့ပြီးမှသာလျှင်ပြန့် **ပွား** နိုင်မည်

စမ္ပဒါန

**သာသနာပြုမည့်**
**မြင့်မြတ်ပုဂ္ဂိုလ်သင်တန်း**
**မိသားစု**